၄။	250 KVA Generator	၁	၃၀၀၀၀	၃၀၀၀၀
၅။	150 KVA Generator	၁	၂၀၀၀၀	၂၀၀၀၀
၆။	Buggy car	၁၀	၂၇၀၀	၂၇၀၀၀
၇။	Scrubbing Manchine	၂	၁၀	၂၀၀၀၀
၈။	Vaccum Machine	၂	၅၀၀၀	၁၀၀၀၀
၉။	Hotel Key Card System	၇၀	၅၀၀	၃၅၀၀၀
၁၀။	Water Sprinkler and Fire Fighting	၁	၄၅၀၀၀	၄၅၀၀၀
၁၁။	Swimming Pool Pump & Accessories	၁	၃၂၀၀၀	၃၂၀၀၀
	စုစုပေါင်း	၉၃		၃၀၅၀၀၀

Minor Myanmar Co., Ltd.

၃။	750 KVA Generator	၁	၇၅၀၀၀	၇၅၀၀၀
၄။	350 KVA Generator	၁	၄၅၀၀၀	၄၅၀၀၀
၅။	250 KVA Generator	၁	၂၅၀၀၀	၂၅၀၀၀
၆။	150 KVA Generator	၁	၂၀၀၀၀	၂၀၀၀၀
၇။	Water Sprinkler and Fire Fighting	၁	၁၂၀၀၀၀	၁၂၀၀၀၀
၈။	Swimming Pool Pump & Accessories	၁	၂၅၀၀၀	၂၅၀၀၀
	စုစုပေါင်း	၁၂		၃၄၆၀၀၀

ကန့်သတ်

နောက်ဆက်တွဲ(က)

M3-334
18/9

ရုံးတံဆိပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊ (၁၂၆၀) / ၇ - ၁၀၃ / အစရ(ရှမ်း)
ရက် စွဲ ၊ ၂၀၁၄ခုနှစ် ၊စက်တင်ဘာ လ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊နေပြည်တော်

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ (၂၇- ၇-၂၀၁၄) ရက်စွဲပါ စာအမှတ် ၊ ရက-၄/မ-၁၄၃၆၊ ၁၄၃၇၊၁၄၃၈/၂၀၁၄(၀၁၆-ဆ)

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ (၉-၈-၂၀၁၄) ရက်စွဲပါ စာအမှတ် ၊ရက-၄ / မ-၁၄၃၆၊ ၁၄၃၇၊၁၄၃၈/၂၀၁၄(၀၆၅-က)

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ (၂၆- ၈-၂၀၁၄) ရက်စွဲပါ စာအမှတ် ၊ရက-၄/မ-၁၄၃၆၊ ၁၄၃၇၊၁၄၃၈/၂၀၁၄(၁၂၇)

၁။ Kappa International Ltd. မှ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိမြေအကျယ်(၂၀.၇၇)ဧက၊ Adventure Myanmar Tours & Incentives Co, Ltd. မှ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိမြေအကျယ်(၃.၀၈)ဧက၊Minor Myanmar Co, Ltd. မှ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့ တောရှိမြေအကျယ် (၅.၃၃) ဧက၊ တို့တွင် နှစ်ရှည်မြေငှားရမ်း၍ နိုင်ငံတကာအဆင့်မီဟိုတယ်တည်ဆောက်ပြီး ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်ရင်းနှီးမြှုပ်နှံသူဦးမင်းဒင်(အဘ-ဦးထွန်းကြည်) (Kappa)၊ ဦးအောင်မိုးမင်းဒင် (အဘ-ဦးမင်းဒင်)(Adventure Myanmar) နှင့် ဒေါ်အေးအေးမြင့် (အဘ-ဦးတန်ချင်စွီး) (Minor)မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက်များ တင်ပြလာပါကြောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၃)အပိုဒ်(၁၁)ပါပြဋ္ဌာန်း ချက်နှင့်အညီရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်ခွင့်အတွက် ပြည်နယ်အစိုးရ၏ ထောက်ခံချက်ကိုအထူးအလေးထားစဉ်းစားပါသဖြင့် ဝန်ကြီးချုပ်ကိုယ်တိုင်စိစစ်လက်မှတ်ရေးထိုးပြီးထောက်ခံပေးပါရန် နိုင်ငံတော်သမ္မတရုံး၏(၂၀-၄-၂၀၁၁)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊၃၃/၂၀၁၁တွင်ဖော်ပြထားပါကြောင်း၊ကော်မရှင်အနေဖြင့်လုပ်ငန်းအဆိုပြုလွှာများကိုအမြန်ဆုံး စိစစ်ပေးရန်သမ္မတရုံးမှ ညွှန်ကြားထားပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏အောက်ဖော်ပြပါ သဘောထားမှတ်ချက်အား ဆောလျင်စွာပြန်ကြားပေးပါရန် ရည်ညွှန်းပါစာများဖြင့် အကြောင်းကြားလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည်နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကိုထိခိုက်ခြင်း ရှိ/မရှိ။

(ခ) ပြည်သူတို့၏ လူမှုစီးပွားရေးကိုထိခိုက်နိုင်မှုရှိ/မရှိ။

(ဂ) မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အထောက်အကူပြု ဖြစ်/မဖြစ်။

(ဃ) ဖော်ပြပါမြေနေရာအား အဆိုပြု လုပ်ငန်းသုံးစွဲခြင်း အပေါ်ဒေသခံများကလူမှုရေး၊စီးပွားရေး၊သဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိ/မရှိ။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ တောင်ကြီးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့သည် (၂၅-၈-၂၀၁၄) ရက်နေ့တွင် အင်းလေးကန်ဘေးမဲ့တောအတွင်း မြေငှားစနစ်ဖြင့်ခွင့်ပြု ဆောင်ရွက်

လျက်ရှိ သော ဟိုတယ်(၁၄)လုံးတွင်ပါဝင်သည့် အထက်ဖော်ပြပါ မြေနေရာများဖြစ်သည့် Amazing Ingyin Gone Resort, Amazing Mai Thauk Resort,Villa Inlay Resort & Spa တို့အား ကွင်းဆင်းစစ်ဆေးတွေ့ ရှိချက် အစီရင်ခံစာအရ အောက်ပါအတိုင်း တင်ပြလာပါသည်-

(က) - Adventure Myanmar Tours & Incentives Co, Ltd. မှ (၃.၀၈)ဧကနှင့်Minor Myanmar Co, Ltd. မှ(၅.၃၃)ဧကတို့မှာမြေနေရာနှင့်ဧရိယာတွဲ၍ ဖော်ပြချက် ကွဲလွဲနေပြီး မြေပြင်ဖော်ပြချက် အမှန်မှာ Adventure Myanmar Tours & Incentives Co, Ltd. မှ (၅.၃၃) ဧကနှင့်Minor Myanmar Co ,Ltd. မှ(၃.၀၈)ဧကဖြစ်ပါကြောင်း၊

(ခ) **ဦးမင်းဒင်(အဘ-ဦးထွန်းကြည်) Kappa International Co ,Ltd.**

- Villa Inlay Resort & Spa အမည်ဖြင့် အဆောက်အဦ(၃၆)လုံးပါဟိုတယ်ဖွင့်လှစ် ထားပြီးဖြစ်ကြောင်း၊ဟိုတယ်အတွင်းသစ်ပင်များဖြင့်စိမ်းလန်းစိုပြည်အောင်စိုက်ပျိုးထားသည်ကိုစစ်ဆေးတွေ့ ရှိရပါကြောင်း၊
- Villa Inlay Resort & Spa အမည်ဖြင့်အင်းလေးကန်ဘေးမဲ့တောအတွင်းမြေဧရိယာ(၂၁.၇၇) ဧကကိုမြေငှားစနစ်ဖြင့် ခွင့်ပြုချက်ရရှိဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်ထားသည့် နေရာသည် အင်းလေးကန်စပ်တွင်ရှိသဖြင့် အမှိုက်သိမ်းစနစ်၊ မိလ္လာသိမ်းစနစ်များ စနစ်တကျဆောင်ရွက်မှုမရှိပါက အင်းလေးကန်ရေပြင်အား ထိခိုက်နိုင်မှုရှိသည်ကိုစစ်ဆေး တွေ့ရှိ ရပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်ခြင်းကြောင့် ဒေသခံများအပေါ် လူမှုစီးပွားရေး ထိခိုက်ခြင်း မရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ဒေသခံပြည်သူများ၏ အလုပ်အကိုင်ပိုမို ရရှိနိုင်ကြောင်း၊

(ဂ) **ဦးအောင်မျိုးမင်းဒင်(အဘ-ဦးမင်းဒင်) Adventure Myanmar Tours & Incentives Co, Ltd.**

- Amazing Ingyin Gone Resort အမည်ဖြင့် အင်းလေးကန်ဘေးမဲ့တော အတွင်း မြေဧရိယာ (၅.၃၃)ဧကကိုမြေငှားစနစ်ဖြင့်ခွင့်ပြုချက်ရရှိဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊
- Amazing Ingyin Gone Resort. အမည်ဖြင့်ဟိုတယ် ဆောက်လုပ် မြေနေရာတွင် အဆောက်အဦများ ဆောက်လုပ်လျက်ရှိပြီးဆောက်လုပ်ဆဲဖြစ်သော အဆောက်အဦ(၉) လုံးအား စစ်ဆေး တွေ့ရှိရပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်သည့်နေရာတွင်ဒေသခံများ၏ လယ်မြေ/ယာမြေများပါဝင်မှုမရှိသည်ကိုစစ်ဆေးတွေ့ရှိရပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်လျက်ရှိသည့် မြေနေရာသည် အင်းလေးကန်စပ်တွင်ရှိသဖြင့် အမှိုက်သိမ်းစနစ်၊ မိလ္လာသိမ်းစနစ်များ စနစ်တကျဆောင်ရွက်မှုမရှိပါက အင်းလေးကန်ရေပြင်အား ထိခိုက်မှုရှိနိုင်သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်ခြင်းကြောင့် ဒေသခံများအပေါ် လူမှုစီးပွားရေး ထိခိုက်ခြင်း မရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ဒေသခံပြည်သူများ၏ အလုပ်အကိုင်ပိုမို ရရှိနိုင်ကြောင်း၊

(ဃ) **ဒေါ်အေးအေးမြင့်(အဘ-ဦးတန်ချင်စွီး) Minor Myanmar Co ,Ltd.**

- Amazing Mai Thauk Resort အမည်ဖြင့် အင်းလေးကန်ဘေးမဲ့တော အတွင်း မြေဧရိယာ (၃.၀၈) ဧကကိုမြေငှားစနစ်ဖြင့်ခွင့်ပြုချက်ရရှိဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊
- Amazing Mai Thauk Resort အမည်ဖြင့်ဟိုတယ် ဆောက်လုပ် မြေနေရာတွင် အဆောက် အဦများ ဆောက်လုပ်လျက်ရှိပြီး ဆောက်လုပ်ဆဲဖြစ်သော အဆောက်အဦ (၈) လုံးအား စစ်ဆေးတွေ့ ရှိရပါကြောင်း၊

- ဟိုတယ်ဆောက်လုပ်သည့်နေရာတွင်ဒေသခံများ၏ လယ်မြေ/ယာမြေများပါဝင်မှုမရှိသည်ကိုစစ်ဆေး တွေ့ရှိရပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်လျက်ရှိသည့် မြေနေရာသည် အင်းလေးကန်စပ်တွင်ရှိသဖြင့် အမှိုက်သိမ်းစနစ်၊ မိလ္လာသိမ်းစနစ်များ စနစ်တကျဆောင်ရွက်မှုမရှိပါက အင်းလေးကန်ရေပြင်အား ထိခိုက်မှုရှိနိုင်သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊
- ဟိုတယ်ဆောက်လုပ်ခြင်းကြောင့် ဒေသခံများအပေါ် လူမှုစီးပွားရေး ထိခိုက်ခြင်း မရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ဒေသခံပြည်သူများ၏ အလုပ်အကိုင်ပိုမို ရရှိနိုင်ကြောင်း၊

၃။ သို့ဖြစ်ပါ၍ ကွင်းဆင်းစိစစ်တင်ပြချက်များအရရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထားနှင့် သုံးသပ်အကြံပြုချက်ကို အောက်ပါအတိုင်းပေးပို့တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည်နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက် မှုမရှိနိုင်ပါကြောင်း၊

(ခ) ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးကိုထိခိုက်နိုင်မှု မရှိပါကြောင်း၊

(ဂ) မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ် ပါကြောင်း၊

(ဃ) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်း သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊

(င) အဆိုပါဟိုတယ်များသည် အင်းလေးကန်၏ အရှေ့ဖက်ကမ်းစပ်တွင် တည်ရှိနေခြင်း ကြောင့် ရေဆိုး နှင့် အညစ်အကြေးများစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်မှသာ အင်းလေးကန် ရေတိမ် ဒေသ၏ ဂေဟစနစ်အား ထိခိုက်မှုနည်းနိုင်မည်ဖြစ်ပါကြောင်း၊

(စ) အင်းလေးကန်ရေပြင်အား ထိခိုက်မှုနည်းစေရန် ဟိုတယ်နှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊သဘာဝပတ်ဝန်းကျင်အားထိခိုက်ပျက်စီးမှုမရှိစေရန် ဟိုတယ်မှထွက်ရှိ သည့် အညစ်အကြေး၊ရေဆိုးနှင့်အမှိုက်များကိုစနစ်တကျ စွန့်ပစ်ခြင်းများ ထိန်းသိမ်း ဆောင်ရွက် သင့်ပါကြောင်း၊

၁၆၊၈၊၂၀၁၄

ပြည်နယ်ဝန်ကြီးချုပ်
(စဝ်အောင်မြတ်)

မိတ္တူကို

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊နေပြည်တော်
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊နေပြည်တော်
ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊တောင်ကြီးမြို့
ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊တောင်ကြီးမြို့
ရှမ်းပြည်နယ်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊တောင်ကြီးမြို့
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊တောင်ကြီးမြို့
ရုံးလက်ခံ /မျှောစာတွဲ

၉/၄၃၀

နောက်ဆက်တွဲ(ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

NPT - 950
22.8-14

စာအမှတ်　　၂/၂၂၀(ခ)(၆)/(၆၂၆၃/၂၀၁၄)

ရက်စွဲ　၂၀၁၄ ခုနှစ်၊ ဩဂုတ်လ　၂၁　ရက်

M-152
25/8

သို့

　　မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။　　<u>သဘောထားမှတ်ချက်တင်ပြခြင်း</u>

ရည်ညွှန်းချက်။　　မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇-၇-၂၀၁၄ ရက်စွဲပါစာအမှတ်၊ရက-၄/ မ-၁၄၃၆၊ ၁၄၃၇၊ ၁၄၃၈/၂၀၁၄(၀၁၆-ဓ)

၁။　အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Kappa International Ltd. မှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေအကျယ် (၂၀.၇၇) ဧက၊ Adventure Myanmar Tours & Incentives Co., Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေအကျယ် (၃.၀၈) ဧကနှင့် Minor Myanmar Co., Ltd. မှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေအကျယ် (၅.၃၃) ဧကတို့တွင် နှစ်ရှည်မြေငှားရမ်း၍ နိုင်ငံတကာအဆင့်မီ ဟိုတယ်(၃) လုံးကို တည်ဆောက်ပြီး ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအား ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်ပြုပါရန် စိစစ်ပြီး ဌာနဆိုင်ရာသဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။　ပူးတွဲပေးပို့လာသည့်အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမည့်ကာလမှာ အနည်းဆုံး(၅၀)နှစ် ဖြစ်ပြီး နောက်ထပ်မြေငှားရမ်းခွင့်သက်တမ်း ရရှိပါကရရှိသလောက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များ၊ ဝန်ထမ်းများသက်သာချောင်ချိရေး အစီအစဉ်များ၊ (CSR) လူမှုအသင်းအဖွဲ့များအတွက် ပူးပေါင်းဆောင်ရွက်မည့် ကတိပြုချက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများစာရင်း စသည်တို့ဖော်ပြပါရှိပါသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း၊ အရည်နှင့်စွန့်ပစ်အဆီများအား မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်မစွန့်ပစ်ဘဲ သတ်မှတ်ချက်စည်းကမ်းများနှင့်အညီ စွန့်ပစ်သွားမည်ဖြစ်ပါကြောင်းနှင့် ၎င်းတို့ကို စီမံခန့်ခွဲမည့်အစီအမံများ ရေးဆွဲထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်အတွက် ဟိုတယ်မြေနေရာအတွင်း အမှိုက်ပုံးများထားရှိပြီး အမှိုက်များကို စနစ်တကျစွန့်ပစ်သွားမည်ဖြစ်ပါကြောင်း၊ ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပြီး ရေဆိုးများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီသန့်စင်ပြီးမှသာ စွန့်ပစ်သွားမည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာ

အဖွဲ့အစည်းများမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖော်ပြပါရှိပါသည်။

၃။ အဆိုပြုလုပ်ငန်းများသည် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဧရိယာအတွင်း ကျရောက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၆-၆-၂၀၁၄ ရက်စွဲပါ စာအမှတ် ၂ / ၂၃၀ (ခ) (၃) / (၅၂၄၉ / ၂၀၁၄) အရ ၎င်းဧရိယာအတွင်း ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် နှစ်ရှည်မြေငှားစာချုပ်ဖြင့် ခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဟိုတယ်များ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြေသားများပြုပြင်ဖော်ထုတ်ခြင်းကြောင့် ထွက်ရှိလာမည့် အမှုန်အမွှားများ၊ ဖုန်မှုန့်များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊ လုပ်ငန်းသုံးစက်နှင့် ယာဉ်ယန္တရားများ၏ ဆူညံသံများကြောင့် အသံညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်သည့်အပြင် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာအတွင်းကျရောက်ခြင်းနှင့် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်း ကျရောက်ခြင်းကြောင့် အင်းလေးကန်ရေထုညစ်ညမ်းမှုများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိခိုက်စေမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

၅။ အဆိုပါအဆင့်မြင့်ဟိုတယ်များ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) အဆင့်မြင့်ဟိုတယ်များတည်ဆောက်ခြင်းလုပ်ငန်းကို Eco-Friendly အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်ရန် နည်းလမ်းများပါဝင်သည့် စီမံကိန်းများနှင့် အစီအမံများ ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊

(ခ) မိလ္လာအညစ်အကြေးစွန့်ထုတ်မှုစနစ်များ၊ အညစ်အကြေးသန့်စင်မှုစနစ်များ၊ ရေဆိုးပြန်လည်သန့်စင်မှုစနစ်များ၊ အစိုင်အခဲစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု၊ ရေရယူအသုံးပြုမှုနှင့်ရေစီမံခန့်ခွဲမှုစနစ်များ၊ လေထု၊ ရေထုညစ်ညမ်းမှုနှင့် အသံဆူညံမှုကာကွယ်ရေးစီမံချက်များနှင့် စွမ်းအင်ပြန်လည်အသုံးပြု ထိန်းသိမ်းရေးစနစ်များကို ထည့်သွင်းရေးဆွဲဆောင်ရွက်ရန်၊

(ဂ) အဆိုပြုလုပ်ငန်းရှိ ခြံ၊ မြေ၊ အဆောက်အအုံ၊ မိလ္လာပိုက်နှင့် ရေဆိုးစွန့်ထုတ်သည့်ပိုက်များအတွင်းမှ အများပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အညစ်အကြေး သို့မဟုတ် အနံ့ဆိုးထွက်စေသော အရာများကို စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) လုပ်ငန်းများမှ ထွက်ရှိလာသော ရေဆိုးများကို ရေနုတ်မြောင်း၊ မြစ် ၊ ချောင်း၊ အင်း၊ အိုင်(သို့)ကန်အတွင်းသို့ စည်ပင်သာယာရေးကော်မတီနည်းဥပဒေမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအထိ သန့်စင်ပြီးမှစွန့်ထုတ်ရန်၊

(င) ဝန်ဆောင်မှုလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား 3Rs စနစ်ဖြင့် အမှိုက်များအား, လျှော့နည်းသည်ထက်လျှော့နည်းအောင် လျှော့ချသောနည်းလမ်း (Reduce)၊

စွန့်ပစ်လိုက်သည့် အမှိုက်များမှ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည်အသုံးပြုသော နည်းလမ်း(Reuse) နှင့် ပြန်လည်ပြုပြင်အသုံးပြု၍ရသည့် ပစ္စည်းများအား မူလပုံစံအတိုင်း သို့မဟုတ် နောက်ထပ်ပစ္စည်းပုံစံအသစ်တစ်မျိုးအဖြစ် ပြန်လည်ပြုပြင်သုံးစွဲသော နည်းလမ်း(Recycle) များ စသည်တို့ကိုအသုံးပြု၍ နေ့စဉ်ထွက်ရှိနေသည့် အမှိုက်ပမာဏ လျော့နည်းလာစေရေးအတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင် ၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း တစ်ခုချင်းစီအလိုက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် နည်းလမ်းများနှင့် အစီအမံများကို ထည့်သွင်းဆောင်ရွက်ရန်၊

(ဆ) လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility – CSR) အရ ဒေသခံပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များကိုဆောင်ရွက်ရမည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထည့်သွင်းဆောင်ရွက်ရန်။

၆။ သို့ဖြစ်ပါ၍ Kappa International Ltd. ၊ Adventure Myanmar Tours & Incentives Co., Ltd. ၊ Minor Myanmar Co., Ltd. တို့မှ အဆင့်မြင့်ဟိုတယ်များ တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဟိုတယ်လုပ်ငန်းတစ်ခုစီတွင် အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်းပြန်ကြားအပ်ပါသည်-

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၁-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၃)အရအဆိုပြုလုပ်ငန်းသည် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာအတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် အပိုဒ် (၅) ပါ အချက်အလက်များကို ထည့်သွင်းလိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာကနဦးလေ့လာခြင်း (Initial Environmental Examination - IEE) ကို ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း (Environmental and Social Impact Assessment – ESIA) ဆောင်ရွက်ရန်၊

(ခ) ဆောင်ရွက်ရရှိသည့် အစီရင်ခံစာအရ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် စနစ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအစီအမံများပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) များ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) သတ်မှတ်ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့် သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးညွန့်၊ ရုံးအဖွဲ့မှူး)

မိတ္တူကို- ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

နောက်ဆက်တွဲ(ဂ)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးရုံး
စာအမှတ် ....
ရက်စွဲ ....

NPT-647
11.8.14

M-099
12/8

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊ ၁၈ ဂ ၂၀၁၄/(၂)/ နပတ (၂၁၂၃)

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ် လ ၁၁ ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၇-၇-၂၀၁၄)ရက်စွဲပါစာအမှတ် ရက-၄/မ-၁၄၃၆၊၁၄၃၇၊၁၄၃၈/ ၂၀၁၄(၀၁၆-ဈ)

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် အင်းလေးကန်တောရိုင်း တိရိစ္ဆာန်ဘေးမဲ့တောရှိမြေ (၂၁.၇၇)ဧကတွင် Kappa International Ltd မှလည်းကောင်း၊ မြေ(၃.၀၈)ဧက တွင် Adventuer Myanmar Tours & Incentives Co.,Ltd မှလည်းကောင်း၊ မြေ(၅.၃၃) ဧက တွင် Minor Myanmar Co., Ltd မှလည်းကောင်း နှစ်ရှည် မြေငှားရမ်း၍ နိုင်ငံတကာ အဆင့်မီ ဟိုတယ်တည်ဆောက်ပြီး ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအား မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမင်းဒင် (အဘ-ဦးထွန်းကြည်) (Kappa)၊ ဦးအောင်မျိုးမင်းဒင် (အဘ-ဦးမင်းဒင်) (Adventuer Myanmar) နှင့် ဒေါ်အေးအေးမြင့် (အဘ-ဦးတန်ချင်စွီး) (Minor) မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှတဆင့် တင်ပြလာသော အဆိုပြုချက်အပေါ် သဘောထားမှတ်ချက်ပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များအပါအဝင် နိုင်ငံခြားသား ဧည့်သည်များ တိုးတက်ဝင်ရောက်လာသောကြောင့် နိုင်ငံခြားသားခရီးသည်များအတွက် တောင်ကြီး၊ အင်းလေးဒေသတွင်လည်းနိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့်အခန်းများလုံလောက်စွာရှိရန် လိုအပ်ခြင်း တို့ကြောင့် ယခုကဲ့သို့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် Kappa International Ltd၊ Adventuer Myanmar Tours & Incentives Co.,Ltd နှင့် Minor Myanmar Co., Ltd တို့မှ ဟိုတယ်လုပ်ငန်း

C-2 -1 Remark -LH

စီမံကိန်းများ တည်ဆောက်ဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကိုအထောက်အကူ ပြုသော လုပ်ငန်းစီမံကိန်းများဖြစ်ပါသည်။

၃။ ယခုတင်ပြလာသော Kappa International Ltd မှ ဆောင်ရွက်မည့် မြေဧရိယာ (၂၁.၇၇)ဧကသည်ယခင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပိုင်မြေနေရာဖြစ်သော်လည်း သစ်တောဦးစီးဌာန၏ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျရောက်နေသဖြင့် ယခုအခါတွင်သစ်တောဦးစီးဌာနမှလုပ်ငန်းဆောင်ရွက်နေသည့်ကုမ္ပဏီသို့ B.O.T စနစ်ဖြင့် တရားဝင် နှစ်ရှည်ငှားရမ်းဆောင်ရွက်မည်ဖြစ်ခြင်းနှင့် ကျန်ကုမ္ပဏီ (၂)ခုမှ ဆောက်လုပ်မည့် ဟိုတယ်များသည် လည်းသစ်တောဦးစီးဌာန၏ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိမြေကို B.O.T စနစ်ဖြင့် တရားဝင်နှစ်ရှည်ငှားရမ်း ဆောင်ရွက်ခြင်းဖြစ်ခြင်းနှင့် သစ်တောဦးစီးဌာနနှင့် ကုမ္ပဏီများအကြား သဘောတူဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် ကန့်ကွက်ရန်မရှိပါ။

၄။ သို့ဖြစ်ပါ၍ ဤဝန်ကြီးဌာနအနေနှင့်ဝန်ဆောင်ခနှုန်းထားများနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည်-

(က) Kappa International Ltd မှ ငှားရမ်းမည့် အခန်းခနှုန်းထားများတွင် Lake Front Single Villa (၁)လုံးလျှင် အမေရိကန်ဒေါ်လာ (၂၆၀)၊ Garden View Single Villa (၁)လုံးလျှင် အမေရိကန်ဒေါ်လာ (၂၃၀) စသည်ဖြင့်နှုန်းများ သတ်မှတ်ထားကြောင်းဖော်ပြထားသဖြင့်အခန်းခနှုန်းအတန်ငယ်မြင့်မားကြောင်း တွေ့ရှိရ၍ ငှားရမ်းခနှုန်းထားများနှင့် အသုံးပြုမည့်ပစ္စည်းများ၊ ပေးအပ်မည့် ဝန်ဆောင်မှုများလည်းလျော်ကန်သင့်တင့်ရန်လိုအပ်ပါသည်။

(ခ) Adventuer Myanmar Tours &Incentives Co.,Ltd မှ ငှားရမ်းမည့် အခန်းခနှုန်းထားများတွင် Standard Room (၁)ခန်းလျှင် မြန်မာငွေကျပ်အနေ နှင့် (၆၀၀၀၀)(သို့) အမေရိကန်ဒေါ်လာ (၇၀)၊ Deluxe Room (၁)ခန်းလျှင် မြန်မာငွေကျပ်အနေနှင့်(၈၀၀၀၀)(သို့)အမေရိကန်ဒေါ်လာ(၉၀)၊Suite Room (၁)ခန်းလျှင်မြန်မာငွေကျပ်အနေနှင့်(၁၅၀၀၀၀)(သို့)အမေရိကန်ဒေါ်လာ(၁၈၀) စသည်ဖြင့်နှုန်းများ သတ်မှတ်ထားကြောင်း ဖော်ပြထားသဖြင့် ငှားရမ်းခနှုန်းထား များနှင့်အသုံးပြုမည့်ပစ္စည်းများ၊ပေးအပ်မည့် ဝန်ဆောင်မှုများလည်း လျော်ကန် သင့်တင့်ရန်လိုအပ်ပါသည်။

(ဂ) Minor Myanmar Co., Ltd မှ ငှားရမ်းမည့် အခန်းခနှုန်းထားများတွင် Standard Room (၁)ခန်းလျှင် မြန်မာငွေကျပ်အနေနှင့် (၅၇၆၀၀) (သို့) အမေရိကန်ဒေါ်လာ (၆၀)၊ Deluxe Room (၁) ခန်းလျှင် မြန်မာငွေကျပ် အနေနှင့် (၇၆၈၀၀) (သို့)အမေရိကန်ဒေါ်လာ (၈၀)၊ Suite Room(၁)ခန်းလျှင်

အမေရိကန်ဒေါ်လာ (၁၅၀) စသည်ဖြင့် နှုန်းများသတ်မှတ်ထားကြောင်း ဖော်ပြထားသဖြင့် ဌားရမ်းခနှုန်းထားများနှင့် အသုံးပြုမည့်ပစ္စည်းများ၊ ပေးအပ်မည့်ဝန်ဆောင်မှုများလည်း လျော်ကန်သင့်တင့်ရန်လိုအပ်ပါသည်။

(ဃ) Kappa International Ltd မှ ဟိုတယ်သုံးပစ္စည်းများကို ပြည်တွင်းမှ ဝယ်ယူမည်ဖြစ်သော်လည်း အချို့သော ဟိုတယ်အခန်းတွင်း အသုံးပြုမည့်ပစ္စည်းများကိုလုပ်ငန်းလိုအပ်ချက်အရပြည်ပမှ တင်သွင်းမည်ဆိုလျှင် လုပ်ငန်းသုံးပစ္စည်းများအပေါ် အကောက်အခွန်သက်သာခွင့်မှာကော်မရှင်၏အဆုံးအဖြတ်သာရယူရမည်ဖြစ်ပါသည်။

(င) ကျန်ကုမ္ပဏီ(၂)ခုမှ ဆောင်ရွက်မည့်ဟိုတယ်လုပ်ငန်းအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်ပမှတင်သွင်းမည့်တည်ဆောက်ရေးနှင့် လုပ်ငန်းသုံးပစ္စည်းများအပေါ် အကောက်အခွန်သက်သာခွင့်မှာ ဟိုတယ်များတည်ဆောက်ပြီးစီးမှု အခြေအနေ၊ တပ်ဆင်ပစ္စည်းများ၏ အမှန်တကယ်လိုအပ်မှု အခြေအနေများအပေါ်မူတည်၍ ကော်မရှင်၏ အဆုံးအဖြတ်သာရယူရမည်ဖြစ်ပါသည်။

(စ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် ရရှိပြီးပါက မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေနှင့်အညီ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်ကို ဤဝန်ကြီးဌာနသို့ ဆက်လက်လျှောက်ထားရယူသွားရန်လိုအပ်ပါသည်။

(ဆ) အထူးသဖြင့် ယခုအဆိုပြုတင်ပြသော မြေနေရာများသည် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ရမည့်ဇရိယာအတွင်းတွင်ရှိရာ အဆောက်အဦများ၊ ဆောက်လုပ်ရေးအတွက်ရှမ်းပြည်နယ်အစိုးရမှ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်စေရန်လည်းကောင်း၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှထုတ်ပြန်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်လည်းကောင်းညီညွတ်စေရေး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၁.၈.၂၀၁၄

(ဦးဌေးအောင်)

ပြည်ထောင်စုဝန်ကြီး

myo

မိတ္တူကို- ရုံးလက်ခံ/မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

MB-421
27/10

NPT-2504
22.10.14

စာအမှတ် ၂/၂၂၀(ခ)(၃)/(၇၉၉၂ /၂၀၁၄)

ရက်စွဲ ၂၀၁၄ခုနှစ်၊အောက်တိုဘာလ ၂၀ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ ။ <u>အင်းလေးကန်ဘေးမဲ့တောအတွင်း မြေငှားရမ်းခွင့်ရရှိထားသော ဟိုတယ် (၃)လုံးအား စိစစ်တင်ပြခြင်း</u>

ရည် ညွှန်း ချက် ။ (၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ ၂၃-၉-၂၀၁ရက်စွဲပါစာအမှတ်၊ ၇က-၄/မ-၁၄၃၆၊ ၁၄၃၇၊၁၄၃၈/၂၀၁၄(၁၉၈)

(၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၁၁-၉-၂၀၁၄ ရက်စွဲပါစာအမှတ်၊၂/၂၂၀(ခ)(၃)/(၆၈၃၉/၂၀၁၄)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၃၀/၂၀၁၄) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၊ အင်းလေးကန် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်း မြေငှားရမ်းခွင့် ရရှိထားသော အောက်ဖော်ပြပါ ကုမ္ပဏီ (၃)ခု၏ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် ရေဆိုးရေညစ်များအား စနစ်တကျ စွန့်ပစ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် ဟိုတယ်မှ ထွက်ရှိသည့် အညစ်အကြေး ၊ ရေဆိုးများကို အမှိုက်သိမ်းစနစ် ၊ မိလ္လာသိမ်း စနစ်များဖြင့် စနစ်တကျ ဆောင်ရွက်မည့် အစီအစဉ်ကို တင်ပြရန် ၊ မြေဧကလွဲမှားမှုကို ပြန်လည်စိစစ်၍ မြေဧက အမှန် အား တင်ပြပေးရန် ရည်ညွှန်းစာ(၁)ဖြင့် အကြောင်းကြားခဲ့ပါသည်-

(က)	Kappa International Co.,Ltd	၂၀.၇၇ ဧက
(ခ)	Minor Myanmar Co.,Ltd	၅.၃၃ ဧက
(ဂ)	Adventure Myanmar Tours & Incentives Co.,Ltd	၃.၀၈ ဧက

၂။ အထက်ဖော်ပြပါ ဟိုတယ်လုပ်ငန်း ဆောင်ရွက်မည့် ကုမ္ပဏီများမှ အင်းလေးကန်၏ ရေပြင် ထိခိုက်မှုနည်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် ပတ်ဝန်းကျင် ဆိုင်ရာကနဦးလေ့လာခြင်း(Initial Environmental Examination -IEE) နှင့် ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ် (Environmental Manage Plan-EMP) ဆောင်ရွက်ရန် Third Party ဖြစ်သည့် E Gard Environmental Service Co.,Ltd နှင့် ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ အမှိုက်သိမ်း စနစ်နှင့် မိလ္လာသိမ်း စနစ်များကို ထည့်သွင်းဆောင်ရွက် သွားမည်ဖြစ်ပြီး ဟိုတယ်မှထွက်လာသည့် စွန့်ပစ်ပစ္စည်း အရည်များကို တိုက်ရိုက်စွန့်ပစ်ခြင်း မပြုပဲ ခေတ်မီနည်းစနစ်များသုံးစွဲ၍ သန့်စင်ပြီးမှသာ စွန့်ပစ်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ မြေဧက လွှဲပြောင်းမှုအား ဌာနမှစိစစ်ချက်အရ ရင်းနှီးမြှုပ်နှံသူ ဒေါ်အေးအေးမြင့် (အဘ-ဦးတန်ချင်စွီး) ၊ Minor Myanmar Co.,Ltd ၏ မြေမှာ(၅.၃၃)ဧက ၊ ဦးအောင်မျိုးမင်းဒင် (အဘ-ဦးမင်းဒင်)၊Adventure Myanmar Tours & Incentives Co.,Ltd ၏ မြေမှာ (၃.၀၈)ဧက အမှန်ဖြစ်ပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံသူ(၂)ဦး၏ တင်ပြစာအား ဤစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

၄။ Kappa International Co.,Ltd မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြချက်အား ရည်ညွှန်းစာ(၂)ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြပြီးဖြစ်ပါ၍ Adventure Myanmar Tours & Incentives Co.,Ltd နှင့် Minor Myanmar Co.,Ltd ၏ ပြင်ဆင်တင်ပြချက် (၂)စောင်ကို ဤစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

(ဝင်းထွန်း)
ပြည်ထောင်စုဝန်ကြီး

မိတ္တူ - ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

NPT-06
17-7-2014

စာအမှတ် ၂/၂၃၀(ခ)(၃)/(၅၂၄၈/၂၀၁၄)
ရက်စွဲ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်

M-035
7/14

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ ။ <u>အင်းလေးကန် ဘေးမဲ့တောအတွင်း မြေငှားရမ်းခွင့်ရရှိထားသော ဟိုတယ် (၃)လုံးနှင့် နှစ်ရှည်မြေငှားရမ်းခြင်းစာချုပ် ချုပ်ဆိုရန်တင်ပြခြင်းကိစ္စ</u>

ရည် ညွှန်း ချက်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၃- ၅ -၂၀၁၄ ရက်စွဲပါစာအမှတ် ၊ ၂(၅) ၃-၇၀/နပတ(၄၅၃)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန ၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၇/၂၀၁၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရလည်းကောင်း ၊ လုံခြုံရေး ၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၃) ကြိမ်မြောက် ဆုံးဖြတ်ချက်အရလည်းကောင်း ၊ အင်းလေးဒေသရှိဟိုတယ်(၁၄)လုံးအား နှစ်ရှည်မြေငှားစနစ်ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။

၂။ အင်းလေးကန် ဘေးမဲ့တောအတွင်း နှစ်ရှည်မြေငှား စာချုပ်ဖြင့် ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုချက် ရရှိသည့် ဟိုတယ်(၁၄)လုံးအနက် အောက်ဖော်ပြပါ ဟိုတယ်(၃)လုံး၏ မြေငှားစာချုပ် (မူကြမ်း) တင်ပြချက်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရှုထောင့်မှ စိစစ်အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးသားပြီးဖြစ်၍ အဆိုပါ စာချုပ်(မူကြမ်း)ပါ အချက်များအား <u>နောက်ဆက်တွဲ(က)</u>ဖြင့် တင်ပြအပ်ပါသည်။

<u>စဉ်</u>	<u>ဟိုတယ်အမည်</u>	<u>ဆောင်ရွက်မည့်ကုမ္ပဏီ</u>	<u>ငှားရမ်းမည့်မြေဧက</u>
(က)	Villa Inle Resort & Spa	KAPPA International Co.,Ltd.	၂၀.၇၇ ဧက
(ခ)	Amazing Inle Resort	Adventure Myanmar Tours & Incentives Co.,Ltd.	၃.၀၈ ဧက
(ဂ)	M Residence Inle	Minor Myanmar Co.,Ltd.	၅.၃၃ ဧက

D:\DTTW\TTW\SEC-B\DSSY\Dssy (7- 2014).doc44

၃။ သို့ဖြစ်ပါ၍ ဟိုတယ်(၃)လုံး၏ လုပ်ငန်းအဆိုပြုချက် တင်ပြလွှာ ၊ စာချုပ်(မူကြမ်း) ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုစာတို့ကို ဤစာနှင့်အတူ ပူးတွဲတင်ပြ အပ်ပါသည်။

၄။ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအမိန့်နာခံ အပ်ပါသည်။

(ဝင်းထွန်း)
ပြည်ထောင်စုဝန်ကြီး

မိတ္တူ -ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

Dy 36
17/9/14

T-1581
16.9.14
-326
7/9

စာအမှတ် ၂ / ၂၂၀(ခ)(၃) / (၆၈၃၉/၂၀၁၄)
ရက်စွဲ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ Kappa International Limited မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင် ၊ ညောင်ရွှေမြို့နယ် ၊ အင်းလေးကန်ဘေးမဲ့တောရှိ မြေ (၂၁.၇၇) ဧကနိုင်ငံတကာ အဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ

ရည်ညွှန်းချက် ။ (၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၁၄-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊
ရက-၄/မ-၁၄၃၆/၂၀၁၄(၁၉၀)
(၂)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၆-၈-၂၀၁၄ရက်စွဲပါစာအမှတ်၊
ရက-၄/မ-၁၄၃၆/၂၀၁၄(၁၉၀)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ Kappa International Limited မှ တင်ပြထားသော ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ တောင်ကြီးခရိုင်၊ညောင်ရွှေမြို့နယ် ၊ အင်းဘေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရှိ မြေ(၂၁.၇၇) ဧကတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်တင်ပြခြင်းအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စီစစ်ရေးအဖွဲ့၏ ၂၀၁၄ခုနှစ်၊ဩဂုတ်လ(၄)ရက်နေ့တွင် ကျင်းပသော (၃၀/၂၀၁၄) အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အချက်များအား ပြင်ဆင်ပြီးပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တင်ပြပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပါသည်-

(က) ကုမ္ပဏီမှ တင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အရှုံးအမြတ် စာရင်း IRRတို့တွင် တွက်ချက်ထားသည့် ပမာဏနှင့်ကိုက်ညီမှုရှိရန် လိုအပ်သဖြင့် ပြင်ဆင်ရန်၊

(ခ) တောမီးအန္တရာယ်ကာကွယ်ရေးစီမံချက် ကြိုတင်စီစဉ်ဆောင်ရွက်ရန်၊

၂။ Kappa International Limited မှ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် အရှုံးအမြတ်စာရင်း IRR အား ပြင်ဆင်တွက်ချက်မှုစာရင်း Projected Profit and Loss Statement ဖြင့်လည်း ကောင်း၊ တောမီးအန္တရာယ်ကာကွယ်ရေးစီမံချက်ဖြင့်လည်းကောင်း၊ တင်ပြလာပါသဖြင့် ပြင်ဆင် တင်ပြချက်ကို ဤစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

(ဝင်းထွန်း)
ပြည်ထောင်စုဝန်ကြီး

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ သစ်တောဦးစီးဌာန

ကပ်ပါ အင်တာနေရှင်နယ် လီမိတက်

KAPPA INTERNATIONAL LIMITED

က

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ရှိ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊
သစ်တောဦးစီးဌာနပိုင်၊

အင်းလေးကန်တောရိုင်း တိရစ္ဆာန် ဘေးမဲ့တောတွင်
Villa Inle Resort & Spa လုပ်ငန်းများကို

တည်ထောင်ဆောင်ရွက်ရန်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

အဆိုပြုတင်ပြချက်

Kappa Int'l Ltd.

Nawarat condo Sa Mon street ,building no 22/24 Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

ရက်စွဲ ။ ။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (   )ရက်။

အကြောင်းအရာ။ ။ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited.) သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာနပိုင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောရှိ မြေ (၂၁. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို ဆောင်ရွက် ရွက်ရန် အဆိုပြုချက်အား ပြင်ဆင်၍ ပြန်လည်တင်ပြခြင်း။

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉. ၈. ၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ရက-၄/မ-၁၄၃၆/၂၀၁၄ (၁၉၀)

"ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Ltd)သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေ(၂၁. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကိုဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ကို တင်ပြလျှောက်ထားခဲ့ရာ အဆိုပြုချက်စိစစ်ရေးအဖွဲ့ ၏(၄. ၈. ၂၀၁၄)နေ့တွင်ကျင်းပသော (၃၀/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ် ချက်များအရ လိုအပ်သည်များ ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အဆိုပြုချက်များကို ပြန်လည် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဆိုပြုချက် စိစစ်ရေးအဖွဲ့

ဖက်(စ်) ၉၅-၁၀-၆၅၈၀၁၃၇
☎- ၀၁-၆၅၈၀၁၂၉

စာအမှတ်၊ရကက- ရကက- ၄ /မ-၁၄၃၆/ ၂၀၁၄(၇၉၁)
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ဩဂုတ် လ ၂၉ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

အကြောင်းအရာ။ Kappa International Ltd. မှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန် တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောတွင် နိုင်ငံတကာ အဆင့်မီ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ

ရည်ညွှန်းချက် ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ (၁၆-၇-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၂/ ၂၃၀(ခ)(၃)/(၅၂၄၉/ ၂၀၁၄)

၁။ Kappa International Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန် တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောရှိ မြေအကျယ်(၂၁.၇၇)ဧကတွင် နှစ်ရှည်မြေငှားရမ်း၍ နိုင်ငံတကာ အဆင့်မီ ဟိုတယ်တည်ဆောက်ပြီး ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမင်းဒင်(အဘ-ဦးထွန်းကြည်) မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်းပါစာဖြင့် အဆိုပြုချက် တင်ပြခြင်းကို ၂၀၁၄ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပသော အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၃၀/ ၂၀၁၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

(က) ကုမ္ပဏီမှ တင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အရှုံးအမြတ်စာရင်း၊ IRR တို့တွင် တွက်ချက်ထားသည့် ပမာဏနှင့် ကိုက်ညီမှုရှိရန် လိုအပ်သဖြင့် ပြင်ဆင်ရန်။
(ခ) တော်မီးအန္တရာယ် ကာကွယ်ရေးစီမံချက် ကြိုတင်စီစဉ်ဆောင်ရွက်ရန်။

၂။ သို့ဖြစ်ပါ၍ အထက်ပါ ဆုံးဖြတ်ချက်အား ပြင်ဆင်ပြီးပါက ပြန်လည်တင်ပြပေးပါရန်နှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်အဖြစ် ဆောင်ရွက်ရန်လက်ခံနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

Kappa PAT Rp INV-3

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 Fax : 377830

E-mail : kappamyanmar@gmail.com

သို့

ညွှန်ကြားရေးမှူးချုပ်။

သစ်တောဦးစီးဌာန၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊

နေပြည်တော်။

ရက်စွဲ ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊( )ရက်။

အကြောင်းအရာ။ ။ Villa Inle Resort & Spa လုပ်ငန်းများကို ဆောင်ရွက်ရန် အဆိုပြုလွှာ တင်ပြခြင်း။

"ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" (Kappa International Limited)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၀. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြရန် အဆိုပြုလွှာနှင့် မြေငှားစာချုပ် (မူကြမ်း)တို့ကို ပြုစုလျှက် ပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

Mr Dit

Director

International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax** : 377830

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

စာအမှတ် ။ ။ **KAPPA/MIC/2014(1)**

ရက်စွဲ ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊( )ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ပေးပို့ခြင်း။

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" **(Kappa International Limited)**သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေ(၂၁. ၇၇)ဧကတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာများကို ပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

Director
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

စာအမှတ် ။ ။KAPPA/MIC/2014(2)

ရက်စွဲ ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ( )ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)၊ ပုဒ်မ (၂၀)အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် “ကတ်ပါအင်တာနေရှင်နယ်လီမိတက်” (Kappa International Limited)သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၁. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့်ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုခွင့်ပြုမိန့်(Permit)ကို လျှောက်ထားအပ်ပါသည်။

၂။ အပန်းဖြေစခန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ်(၅၀၀၀)သန်းတွင် ငွေသားကျပ်(၂၁၅)သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုး ပြည်တွင်းကျပ် (၁၃၄၇)သန်း၊ အဆောက်အအုံတန်ဖိုးကျပ်(၃၀၀၀)သန်း၊ ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းတန်ဖိုးကျပ်(၁၆)သန်း၊ လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးကျပ်(၄၂၂)သန်းတို့ဖြင့် ထည့်ဝင်ရင်းနှီးမြှုပ်နှံ မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း၊ အပန်းဖြေစခန်းလုပ်ငန်းနည်းပညာရပ်များတိုးတက်လာစေရန်အတွက်လည်းကောင်း၊

မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန်အတွက်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အဆင်ပြေစေနိုင်ရန်အတွက်လည်းကောင်း၊ ကျွန်တော်တို့လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၁၁)၊ ပုဒ်မ (၂၀)အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုလည်း ခံစားခွင့်ပြုပါရန်လျှောက်ထားအပ်ပါသည်။

၄။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ဤလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက် အထားစာရွက်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်၊

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှုဇယားများ၊

(ဂ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးအထောက်အထားများ၊

(ဃ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၊

လေးစားစွာဖြင့်

Director

International Ltd

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 Fax : 377830

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဌ၊

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

စာအမှတ် ။ ။KAPPA/MIC/2014(3)

ရက်စွဲ ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ( )ရက်။

အကြောင်းအရာ ။ ။ "ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" **(Kappa International Limlted.)**မှ **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိဝန်ခံချက်တင်ပြခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေ(၂၁. ၇၇)ဧကတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခြင်းဖြစ်ပါသည်။ ထိုသို့ လျှောက်ထားရာတွင် အောက်ပါတို့ကို ဝန်ခံကတိပြု အပ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင်နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိပါကြောင်း ဝန်ခံကတိပြုတင်ပြအပ်ပါသည်။

(ခ) ဤလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(ဂ) နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဌာန်းသည့်စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။

(ဃ) ထို့အပြင် ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုများ၊ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဝန်ခံ ကတိပြုပါသည်။

(င) **Villa Inle Resort & Spa** လုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီစနစ်တကျ စွန့်ပစ်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

(စ) မီးဘေးကြိုတင်ကာကွယ်မှုအတွက် အစီအမံများပြုလုပ်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

(ဆ) "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited.) အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိမည်ဖြစ်ပြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ကောင်စီ၏ ကြီးကြပ်မှုကို ခံယူဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဇ) ဤလုပ်ငန်းမှရရှိသော နိုင်ငံခြားငွေများကို MICB (သို့မဟုတ်) MFTBရှိ ကုမ္ပဏီ၏ ငွေစာရင်း သို့ မပျက်မကွက်ပေးသွင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဈ) "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited.) အနေဖြင့် ဝယ်ယူမည့် စက်ပစ္စည်းများသည် အသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါ သည်။

(ည) လျှပ်စစ်မီးအသုံးပြုမှုနှင့်ပတ်သက်၍ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသည့်အခါတွင် ကိုယ်ပိုင် Generator (500 KVA) ဖြင့် အသုံးပြုမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

ရက်စွဲ ။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ (   )ရက်။

အကြောင်းအရာ ။ ။ "ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" **(Kappa International Limited.)**မှ **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် လျှပ်စစ်ဓာတ်အား အသုံးပြုမှုနှင့် ပတ်သက်၍ ကတိဝန်ခံချက်တင်ပြခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" **(Kappa International Limited)**သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၁. ၇၇)ကေတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။

၂။ ထိုသို့ **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အား အသုံးပြုမှုနှင့်ပတ်သက်၍ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား အလုံအလောက် မရရှိသည့်အခါတွင် ကိုယ်ပိုင် **Generator (500 KVA)** ဖြင့် အသုံးပြုသွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Min Din
Director Ltd.
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 Fax : 377830

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

ရက်စွဲ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ( )ရက်။

အကြောင်းအရာ ။ ။ "ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" **(Kappa International Limited.)**မှ **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကတိဝန်ခံချက်တင်ပြခြင်း။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited.)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၀. ၇၇)ကေတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။

၂။ **Villa Inle Resort & Spa** လုပ်ငန်းမှာ မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ မည်သည့်နိုင်ငံခြားမှ လုပ်ငန်းရှင်များ ပိုင်ဆိုင်ခြင်းမရှိကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 Fax : 377830

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

ရက်စွဲ ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ( )ရက်။

အကြောင်းအရာ ။ ။ "ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" **(Kappa International Limited.)**မှ **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ညွှန်ကြားချက်များနှင့် ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ကတိဝန်ခံချက်တင်ပြခြင်း။

၁။ **အထက်အကြောင်းအရာပါ** ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited.)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရှိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၀. ၇၇)ဧကတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့်ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။

၂။ ထိုသို့ **Villa Inle Resort & Spa** လုပ်ငန်းကို ဆောင်ရွက်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်၍ ထိန်းသိမ်းသွားနိုင်စေရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းအသီးသီးမှ ညွှန်ကြားချက်များကိုသိရှိ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Kappa Int'l Ltd.
Nawarat condo Sa Mon street ,building no 22/24 Dagon TSP, YGN

Phone : 01376568 **Fax : 377830**
E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

ရက်စွဲ ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ (   )ရက်။

အကြောင်းအရာ ။ ။ **"ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" (Kappa International Limited.)မှ Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ကတိဝန်ခံချက် တင်ပြခြင်း။**

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ **"ကတ်ပါအင်တာနေရှင်နယ်လီမိတက်"** (Kappa International Limited.)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေ(၂၁. ၇၇)ဧကတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်နှင့်ခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။

၂။ ထိုသို့ **Villa Inle Resort & Spa** လုပ်ငန်းကို ဆောင်ရွက်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်၍ ထိန်သိမ်းသွားနိုင်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုသိရှိ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 Fax : 377830

E-mail : kappamyanmar@gmail.com

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊

ရက်စွဲ။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ( )ရက်။


အကြောင်းအရာ။ ။ "ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" **(Kappa International Limited.)**မှ **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် CSR လျာထားခြင်းကိစ္စ။


အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" **(Kappa International Limited)**သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၁. ၇၇)ကေတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် **CSR (Corporate Social Responsibility)** အတွက် **Net Profit** ၏ (၂%)ကို လျာထား၍ အောက်ဖော်ပြပါ လုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။


(၁) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် (၂၀%)
(၂) ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (၂၀%)
(၃) လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (၂၀%)
(၄) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက် (၂၀%)
(၅) ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (၂၀%)

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.


100
ပေပင်ကျေးရွာ လူထုအတွက်
Villa Inle Resort& Spaနှင့်ပေပင်ကျေးရွာတို့
ပူးပေါင်းလှူဒါန်းသည်


IAG
100
ပေပင်ကျေးရွာ လူထုအတွက်
Villa Inle Resort& Spaနှင့်ပေပင်ကျေးရွာတို့
ပူးပေါင်းလှူဒါန်းသည်


IAG
100
ဝေဝင်ကျေးရွာ လူထုအတွက်
Villa Inle Resort & Spa နှင့်ဝေဝင်ကျေးရွာတို့
ပူးပေါင်းလှူဒါန်းသည်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

ပုံစံ (မနသ-၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်

ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၈

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရုံးအမှတ် (၃၂)၊ နေပြည်တော်။

စာအမှတ် ။ ။ KAPPA/MIC/2014(4)
ရက်စွဲ ။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ( )ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံလိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏

(က)	အမည်	- ဦးမင်းဒင်
(ခ)	အဖအမည်	- ဦးထွန်းကြည်
(ဂ)	နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	- ၁၃/ကတန (နိုင်) ၀၂၅၁၄၆
(ဃ)	နေရပ်လိပ်စာ	- အမှတ်-၉၅ (အေ-၁)၊ လမ်းသစ်လမ်း၊ နံ့သာကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(င)	လူမျိုး/ဘာသာ	- တရုတ်၊ အစ္စလာမ်
(စ)	အဖွဲ့အစည်းအမည်	- ကတ်ပါ အင်တာနေရှင်နယ် လီမိတက် (Kappa International Limited.)
Sheet (1)

KAPPA INTERNATIONAL LIMITED
Employee Statement

Local Employees

Kyat

Sr No	Designation	No. of Employee	Salary Year 1-3		Salary Year 4-6		Salary Year 7-10		Total		
			Month	Years	Month	Years	Month	Years	Year (1-3)	Year(4-6)	Year(7-10)
1	General Manager	1	2,000,000	24,000,000	2,060,000	24,720,000	2,121,800	25,461,600	24,000,000	24,720,000	25,461,600
2	Front Office Manager	1	500,000	6,000,000	515,000	6,180,000	530,450	6,365,400	6,000,000	6,180,000	6,365,400
3	Guest Relationship Officer	5	150,000	9,000,000	154,500	9,270,000	159,135	9,548,100	9,000,000	9,270,000	9,548,100
4	Bell Boy	10	100,000	12,000,000	103,000	12,360,000	106,090	12,730,800	12,000,000	12,360,000	12,730,800
5	Boat man	8	100,000	9,600,000	103,000	9,888,000	106,090	10,184,640	9,600,000	9,888,000	10,184,640
6	Driver	5	130,000	7,800,000	133,900	8,034,000	137,917	8,275,020	7,800,000	8,034,000	8,275,020
7	Restaurant Manager	3	350,000	12,600,000	360,500	12,978,000	371,315	13,367,340	12,600,000	12,978,000	13,367,340
8	Restaurant Supervisor	5	150,000	9,000,000	154,500	9,270,000	159,135	9,548,100	9,000,000	9,270,000	9,548,100
9	Waiter / Waitress	30	120,000	43,200,000	123,600	44,496,000	127,308	45,830,880	43,200,000	44,496,000	45,830,880
10	Chef	1	1,500,000	18,000,000	1,545,000	18,540,000	1,591,350	19,096,200	18,000,000	18,540,000	19,096,200
11	Asst. Chef	2	500,000	12,000,000	515,000	12,360,000	530,450	12,730,800	12,000,000	12,360,000	12,730,800
12	Demi-Chef	4	250,000	12,000,000	257,500	12,360,000	265,225	12,730,800	12,000,000	12,360,000	12,730,800
13	Commis	3	125,000	4,500,000	128,750	4,635,000	132,613	4,774,068	4,500,000	4,635,000	4,774,068
14	Steward	8	100,000	9,600,000	103,000	9,888,000	106,090	10,184,640	9,600,000	9,888,000	10,184,640
15	Pastry Chef	2	200,000	4,800,000	206,000	4,944,000	212,180	5,092,320	4,800,000	4,944,000	5,092,320
16	Snr. Housekeeping Supervisor	2	220,000	5,280,000	226,600	5,438,400	233,398	5,601,552	5,280,000	5,438,400	5,601,552
17	Room Supervisor	3	100,000	3,600,000	103,000	3,708,000	106,090	3,819,240	3,600,000	3,708,000	3,819,240
18	Rom Attendant	15	100,000	18,000,000	103,000	18,540,000	106,090	19,096,200	18,000,000	18,540,000	19,096,200
19	Linen Attendant	1	100,000	1,200,000	103,000	1,236,000	106,090	1,273,080	1,200,000	1,236,000	1,273,080
20	Laundry Attendant	2	100,000	2,400,000	103,000	2,472,000	106,090	2,546,160	2,400,000	2,472,000	2,546,160
21	Chief Gardener	1	150,000	1,800,000	154,500	1,854,000	159,135	1,909,620	1,800,000	1,854,000	1,909,620
22	Gerdener	15	100,000	18,000,000	103,000	18,540,000	106,090	19,096,200	18,000,000	18,540,000	19,096,200
23	Spa Manager	1	240,000	2,880,000	247,200	2,966,400	254,616	3,055,392	2,880,000	2,966,400	3,055,392
24	Sap Attendant	7	100,000	8,400,000	103,000	8,652,000	106,090	8,911,560	8,400,000	8,652,000	8,911,560
25	Chief Accountant	1	500,000	6,000,000	515,000	6,180,000	530,450	6,365,400	6,000,000	6,180,000	6,365,400
26	Chief Cashier	1	130,000	1,560,000	133,900	1,606,800	137,917	1,655,004	1,560,000	1,606,800	1,655,004
27	Purchaser	1	130,000	1,560,000	133,900	1,606,800	137,917	1,655,004	1,560,000	1,606,800	1,655,004
28	Outlet Cashier	2	100,000	2,400,000	103,000	2,472,000	106,090	2,546,160	2,400,000	2,472,000	2,546,160
29	Cost Controller	1	130,000	1,560,000	133,900	1,606,800	137,917	1,655,004	1,560,000	1,606,800	1,655,004
30	Chief Engineer	1	500,000	6,000,000	515,000	6,180,000	530,450	6,365,400	6,000,000	6,180,000	6,365,400
31	Engineering Supervisor	1	150,000	1,800,000	154,500	1,854,000	159,135	1,909,620	1,800,000	1,854,000	1,909,620
32	General Maintenence	4	100,000	4,800,000	103,000	4,944,000	106,090	5,092,320	4,800,000	4,944,000	5,092,320
33	Chief Security	1	250,000	3,000,000	257,500	3,090,000	265,225	3,182,700	3,000,000	3,090,000	3,182,700
34	Security Guard	21	120,000	30,240,000	123,600	31,147,200	127,308	32,081,616	30,240,000	31,147,200	32,081,616
35	HR Manager	1	500,000	6,000,000	515,000	6,180,000	530,450	6,365,400	6,000,000	6,180,000	6,365,400
36	Canteen Cook	5	100,000	6,000,000	103,000	6,180,000	106,090	6,365,400	6,000,000	6,180,000	6,365,400
37	Sales and Marketing Manager	1	600,000	7,200,000	618,000	7,416,000	636,540	7,638,480	7,200,000	7,416,000	7,638,480
38	Reservation Manager	1	400,000	4,800,000	412,000	4,944,000	424,360	5,092,320	4,800,000	4,944,000	5,092,320
39	Account Receivable	1	200,000	2,400,000	206,000	2,472,000	212,180	2,546,160	2,400,000	2,472,000	2,546,160
40	Purchaser for Yangon	1	200,000	2,400,000	206,000	2,472,000	212,180	2,546,160	2,400,000	2,472,000	2,546,160
41	Accountant for Yangon	1	400,000	4,800,000	412,000	4,944,000	424,360	5,092,320	4,800,000	4,944,000	5,092,320
	Grand Total	**180**		**348,180,000**		**358,625,400**		**369,384,180**	**348,180,000**	**358,625,400**	**369,384,180**

နောက်ဆက်တွဲ (၁၁)

Sheet (2)

KAPPA INTERNATIONAL LIMITED
Employee Statement

Local Employees Kyat

Sr No	Designation	No. of Employee	Salary Year 11-20		Salary Year 21-30		Total	
			Month	Years	Month	Years	Year (11-20)	Year(21-30)
1	General Manager	1	2,185,454	26,225,448	2,251,018	27,012,216	26,225,448	27,012,216
2	Front Office Manager	1	546,364	6,556,368	562,755	6,753,060	6,556,368	6,753,060
3	Guest Relationship Manager	5	163,909	9,834,540	168,826	10,129,560	9,834,540	10,129,560
4	Bell Boy	10	109,273	13,112,760	112,551	13,506,120	13,112,760	13,506,120
5	Boat Man	8	109,273	10,490,208	112,551	10,804,896	10,490,208	10,804,896
6	Driver	5	142,055	8,523,300	146,317	8,779,020	8,523,300	8,779,020
7	Restruant Manager	3	382,454	13,768,344	393,928	14,181,408	13,768,344	14,181,408
8	Resturant Supervisor	5	163,909	9,834,540	168,826	10,129,560	9,834,540	10,129,560
9	Waiter/ Waitress	30	131,127	47,205,720	135,061	48,621,960	47,205,720	48,621,960
10	Chef	1	1,639,091	19,669,092	1,688,264	20,259,168	19,669,092	20,259,168
11	Asst. Chef	2	546,364	13,112,736	562,755	13,506,120	13,112,736	13,506,120
12	Demin-Chef	4	273,182	13,112,736	281,377	13,506,096	13,112,736	13,506,096
13	Commis	3	136,591	4,917,276	140,689	5,064,804	4,917,276	5,064,804
14	Steward	8	109,273	10,490,208	112,551	10,804,896	10,490,208	10,804,896
15	Pastry Chef	2	218,545	5,245,080	225,101	5,402,424	5,245,080	5,402,424
16	Snr. Housekeeping Supervisor	2	240,400	5,769,600	247,612	5,942,688	5,769,600	5,942,688
17	Room Supervisor	3	109,273	3,933,828	112,551	4,051,836	3,933,828	4,051,836
18	Room Attendant	15	109,273	19,669,140	112,551	20,259,180	19,669,140	20,259,180
19	Linen Attendant	1	109,273	1,311,276	112,551	1,350,612	1,311,276	1,350,612
20	Laundry Attendant	2	109,273	2,622,552	112,551	2,701,224	2,622,552	2,701,224
21	Chief Gardener	1	163,909	1,966,908	168,826	2,025,912	1,966,908	2,025,912
22	Gerdener	15	109,273	19,669,140	112,551	20,259,180	19,669,140	20,259,180
23	Spa Manager	1	262,254	3,147,048	270,122	3,241,464	3,147,048	3,241,464
24	Spa Attendant	7	109,273	9,178,932	112,551	9,454,284	9,178,932	9,454,284
25	Chief Accountant	1	546,364	6,556,368	562,755	6,753,060	6,556,368	6,753,060
26	Chief Cashier	1	142,055	1,704,660	146,317	1,755,804	1,704,660	1,755,804
27	Purchaser	1	142,055	1,704,660	146,317	1,755,804	1,704,660	1,755,804
28	Outlet Cashier	2	109,273	2,622,552	112,551	2,701,224	2,622,552	2,701,224
29	Cost Controller	1	142,055	1,704,660	146,317	1,755,804	1,704,660	1,755,804
30	Chief Engineer	1	546,364	6,556,368	562,755	6,753,060	6,556,368	6,753,060
31	Engineering Supervisor	1	163,909	1,966,908	168,826	2,025,912	1,966,908	2,025,912
32	General Maintenance	4	109,273	5,245,104	112,551	5,402,448	5,245,104	5,402,448
33	Chief Security	1	273,182	3,278,184	281,377	3,376,524	3,278,184	3,376,524
34	Security Guard	21	131,127	33,044,004	135,061	34,035,372	33,044,004	34,035,372
35	HR Manager	1	546,364	6,556,368	562,755	6,753,060	6,556,368	6,753,060
36	Canteen Cook	5	109,273	6,556,380	112,551	6,753,060	6,556,380	6,753,060
37	Sales and Marketing Manager	1	655,636	7,867,632	675,305	8,103,660	7,867,632	8,103,660
38	Reservation Manager	1	437,091	5,245,092	450,204	5,402,448	5,245,092	5,402,448
39	Account Receivable	1	218,545	2,622,540	225,101	2,701,212	2,622,540	2,701,212
40	Purchaser for Yangon	1	218,545	2,622,540	225,101	2,701,212	2,622,540	2,701,212
41	Account for Yangon	1	437,091	5,245,092	450,204	5,402,448	5,245,092	5,402,448
	Grand Total	**180**		**380,465,892**		**391,879,800**	**380,465,892**	**391,879,800**

နောက်ဆက်တွဲ (၁၁)
Sheet (3)

KAPPA INTERNATIONAL LIMITED
Employee Statement

Foreign US$

Sr No	Designation	No. of Employee	Salary Year 1-3		Salary Year 4-6		Salary Year 7-10		Total		
			Month	Years	Month	Years	Month	Years	Year (1-3)	Year(4-6)	Year(7-10)
1	F&B Mamager	1	1,200	14,400	1,236	14,832	1,273	15,276	14,400	14,832	15,276
2	Exclusive Manager	1	3,000	36,000	3,090	37,080	3,183	38,196	36,000	37,080	38,196
3	Front Office Manager	1	1,500	18,000	1,545	18,540	1,591	19,092	18,000	18,540	19,092
	Total	3							**68,400**	**70,452**	**72,564**

KAPPA INTERNATIONAL LIMITED
Employee Statement

Foreign US$

Sr No	Designation	No. of Employee	Salary Year 11-20		Salary Year 21-30		Total	
			Month	Years	Month	Years	Year (11-20)	Year(21-30)
1	F&B Mamager	1	1,311	15,732	1,350	16,200	15,732	16,200
2	Exclusive Manager	1	3,278	39,336	3,376	40,512	39,336	40,512
3	Front Office Manager	1	1,639	19,668	1,688	20,256	19,668	20,256
	Total	3					**74,736**	**76,968**

ကပ်ပါ အင်တာနေရှင်နယ် လီမိတက်

KAPPA INTERNATIONAL LIMITED

မှ

အင်းလေးကန်တောရိုင်း တိရစ္ဆာန် ဘေးမဲ့တောတွင်

Villa Inle Resort & Spa လုပ်ငန်းများအတွက်

တောမီး အန္တရာယ်ကာကွယ်ရေး

စီမံချက်

Villa Inle Resort & Spa လုပ်ငန်းများအတွက် တောမီး အန္တရာယ် ကာကွယ်ရေး စီမံချက်

၁။ ရည်ရွယ်ချက်

“ကတ်ပါအင်တာနေရှင်နယ်လီမိတက်” **(Kappa International Limited)**သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြေ(၂၁. ၇၇)ဧကတွင် **Villa Inle Resort & Spa** လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မလိုလားအပ်သော မီးဘေးအန္တရာယ် မဖြစ်စေရန်အတွက် မီးဘေးလုံခြုံရေးအစီအမံပြုလုပ်၍ တောမီးအန္တရာယ် ကာကွယ်ရေးအတွက် ထိရောက်သော ကြိုတင် ကာကွယ်မှုများကို ဆောင်ရွက်သွားရန်ရည်ရွယ်ပါသည်။

၂။ တည်နေရာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရှိ မြေ (၂၁. ၇၇)ဧက၊

၃။ လုပ်ငန်းတာဝန်

ရည်ရွယ်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်း တာဝန်များကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်-

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း

(ခ) မီးငြိမ်းသတ်ရေးလုပ်ငန်း

(ဂ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

၄။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း

ကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံး လုပ်ငန်းဖြစ်၍ အောက်ပါညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် အချိန်အခါနှင့် အခြေအနေအရ ဖြည့်စွက်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်-

(၁) **Villa** ပတ်ဝန်းကျင်နှင့် ဆက်စပ်လျှက်ရှိသော တောတွင် မီးလောင်စေနိုင်သော အခြေအနေများကို ဖယ်ရှားတားမြစ်ရန်၊

(၂) **Villa Inle Resort & Spa** အတွင်း မီးလောင်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များ၊ အမြဲသန့်ရှင်းအောင် ရှင်းလင်းထားရန်၊ အမှိုက်များကိုစနစ်တကျ စွန့်ပစ်ရန်နှင့် တောအတွင်းသို့ မရောက်စေရေးအတွင်းသို့မရောက်စေရန် အထူးသတိပြုရန်၊

(၃) လောင်စာဆီများကို သတ်မှတ်ကန့်သတ်ချက်နည်းလမ်းအတိုင်းစနစ်တကျ သိုလှောင်ခြင်း၊ ဖြည့်တင်းခြင်း၊ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများပြုလုပ်ရန်။

(၄) လျှပ်စစ်သွယ်တန်းအသုံးပြုခြင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပြဌာန်းချက်များ၊ နည်းပညာများအတိုင်း တပ်ဆင်အသုံးပြုသွားရန်။

(၅) အဆောက်အဦးတွင် မြေစိုက်ကြိုးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ရန်။

(၆) မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအဖွဲ့များဖွဲ့စည်းပေး၍ နည်းပညာပေးသင်တန်းများပို့ချပေးရန်။

(၇) Villas အဆောက်အဦးများနှင့် လိုအပ်သောနေရာတိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ပုဒ်များရေးဆွဲ၍ စိုက်ထူခြင်း။ မီးချိတ်၊ မီးကဒ်၊ ရေပုံး၊ သဲပုံးများထားရှိစေခြင်း၊ အဆောက်အဦးတိုင်း တွင် မီးသတ်ဆေးဘူးများ ချိတ်ဆွဲထားခြင်းများဆောင်ရွက်မည်ဖြစ်ပါသည်။

(၈) အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရေလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာသော ဆယ်ယူပြီးသည့်ဗေဒါပင်များ၊ ရိတ်ဖြတ်ထားသော မြက်ပင်များနှင့် ကြွေလွင့်ထားသော သစ်ရွက်များကို မီးရှို့ခြင်းမပြုလုပ်ပဲ၊ ဂျပန်နည်းပညာဖြစ်သော ဒိုချကင်းမွေးမြူ၍ သဘာဝမြေသြဇာများပြုလုပ်ခြင်းဖြင့် မီးဘေးအန္တရာယ် ကာကွယ်ခြင်း၊ တောမီးအန္တရာယ်များမှ ကူးစက်မှုမရှိစေရန်မီးတားစနစ်များကိုလည်း စနစ်တကျ စီစဉ်ဆောင်ရွက်ထားပါမည်။

(၉) ဟိုတယ်မှ စိုက်ပျိုးမည့် Organic စိုက်ခင်းများတွင် စိုက်ခင်းမီးဘေးကြိုတင်ကာကွယ်ခြင်း အနေဖြင့် ပေါင်းမြက်ထူထပ်သော နေရာများအား သန့်ရှင်းရေးပြုလုပ်ထားခြင်း၊ စိုက်ကွက်များ အလိုက် မီးသတ်ရေကန်များတူးခြင်းတို့ဖြင့် မီးဘေးကာကွယ်နိုင်ပါမည်။

(၁၀) မီးဘေးလုံခြုံရေး ဝန်ထမ်းကို နေ့စဉ်တာဝန်ချထားရန်။

၅။ မီးငြိမ်းသတ်ရန် ကြိုတင်လုပ်ငန်းများ

Villa များမှာ အင်းလေးကန်ဘေးမဲ့တောအတွင်းရှိသဖြင့် **Villa** များ၏ မီးဘေးလုံခြုံရေး အထူး သတိပြုဆောင်ရွက်မှသာ ပတ်ဝန်းကျင်ရှိ တောမီးအန္တရာယ် ကင်းရှင်းမည်ဖြစ်သဖြင့် မီးလောင်မှု မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားလာပါက အောက်ပါအတိုင်း လုပ်ငန်းများကို စနစ်တကျ လိုက်နာဆောင်ရွက်သွားရမည်။

(၁) **Villa** အဆောက်အဦးများနှင့် လိုအပ်သောနေရာတိုင်းတွင် မီးသတ်ဆေးဗူးများ၊ ရေပုံး၊ မီးသတ်ပိုက် လိုင်းများထားရှိရမည်။

(၂) အလိုအလျောက် မီးအချက်ပေးစနစ်နှင့် အချက်ပေးသံချောင်းများ တပ်ဆင်ရမည်။

(၃) မီးလှန့်အချက်ပေးသည့်စနစ်ကို သတ်မှတ်ထားရမည်။

(၄) မီးလောင်လျှင် ဦးစားပေးငြိမ်းသတ်ရေးကို သတ်မှတ်ရမည်။

(၅) မီးငြိမ်းသတ်ရေးအတွက် စီမံကိန်းရှိ ဝန်ထမ်း၊ လုပ်သားများအား အမြဲလေ့ကျင့်ပေး ထားရန်။

(၆) မီးလောင်မှုဖြစ်ပွားပါက အောက်ပါတို့ကို ချက်ချင်းအရေးတကြီးပြုလုပ်ရမည်-

(က) အချက်ပေးခေါင်းလောင်းခေါက်ခြင်း

(ခ) မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးမီးသတ်ကား လာရောက်ငြိမ်းသတ်နိုင်ရန် လမ်းညွှန်အကြောင်းကြားခြင်း။

(ဂ) ဦးစားပေးပစ္စည်းများ မီးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊

(ဃ) မီးလောင်မှုဖြစ်ခဲ့လျှင်စနစ်တကျလေ့ကျင့်ထားသော အရံမီးသတ်တပ်ဖွဲ့မှ အင်းလေးကန်အတွင်း နှင့် မီးသတ်ရေကန်မှ ရေရယူ၍ မီးငြိမ်းရန်၊ Villas တိုင်းတွင် မီးသတ်ရေပိုက်ခေါင်း တစ်ခေါင်းစီထားရှိပြီး၊ ပေ(၂၀၀)အရှည်ရှိ မီးသတ်ပိုက်ဖြင့် ရေဖြန်းပက်ငြိမ်းရန်၊ အဆောက်အဦးများဖြစ်ခဲ့လျှင် မီးကူးစက် နိုင်သောနေရာများအား အလျင်ဦးစားပေး သန့်ရှင်းရေးလုပ်ရန်၊ စက်ယန္တရားအင်အား၊ လူအင်အားသုံး၍ အမြန်ငြိမ်းသတ်ရန်။

၅။ ဆက်သွယ်ရေးစနစ်

မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့် ဆက်သွယ်ရေး စနစ်လျှင်မြန်စေရန် (၂၄)နာရီ မီးကင်းသမားမှ အလန်းသံချောင်းခေါက်ခြင်း၊ မီးကင်းသမားအချင်းချင်းသော်လည်းကောင်း၊ အုပ်ချုပ်မှုဌာနနှင့် သော်လည်းကောင်း ဆက်သွယ်နိုင်ရန် အိုင်ကွန်များ တပ်ဆင်ပေးထားပြီး အမြန်ဆက်သွယ် ဆောင်ရွက်စေပါမည်။

၆။ အုပ်ချုပ်မှုစနစ်

မီးဘေးကြိုတင်ကာကွယ်ခြင်းအနေဖြင့် စီမံကိန်းအတွင်းရှိဝန်ထမ်း၊ လုပ်သားများအားမီးဘေးကာကွယ်ရေး အသိရှိစေရန် ပညာပေးခြင်း၊ လိုက်နာမှုမရှိသူများအား ပြစ်ဒဏ်ပေးခြင်း၊ လိုက်နာမှု ရှိသူများအား ဆုလဒ်ချီးမြှင့်ခြင်းများ ဆောင်ရွက်ထားခြင်းဖြင့် မီးဘေးကြိုတင် ကာကွယ်သွား မည်ဖြစ်ပါသည်။

၇။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

အကယ်၍ မီးလောင်မှုကြောင့် လူနှင့်စက်ပစ္စည်းများကို အရေးပေါ်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသဖြင့် ထိခိုက်မှု၊ ဆုံးရှုံးမှုများရှိပါက တာဝန်ရှိကြီးကြပ်သူများသို့ တင်ပြ၍ နေရာ ချထားပေးခြင်း၊ ဆေးပေးခန်း၊ ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့်ကူညီ ထောက်ပံ့မှုပေးခြင်းတို့ကို ဆောင်ရွက်ပါမည်။

Kappa Int'l Ltd.

Nawarat condo Sa Mon street ,building no 22/24 Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

သို့

ပြန်ထောင်စုဝန်ကြီး၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊

ရက်စွဲ ။ ။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ( )ရက်။

အကြောင်းအရာ။ ။ **"ကတ်ပါ အင်တာနေရှင်နယ်လီမိတက်" (Kappa International Limited.)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာနပိုင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောရှိ၊ မြေ (၂၁. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တောမီးအန္တရာယ် ကာကွယ်ရေးစီမံချက်အား တင်ပြခြင်း။**

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉. ၈. ၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ရက-၄/မ-၁၄၃၆/၂၀၁၄ (၁၉၀)

"ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Ltd)သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၁. ၇၇)ဧကတွင် **Villa Inle Resort & Spa** လုပ်ငန်းများကိုဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ကို တင်ပြလျှောက်ထားခဲ့ပါသည်။ အဆိုပြုကိစ္စနှင့်ပတ်သက်၍ တောမီးအန္တရာယ် ကာကွယ်ရေးစီမံချက်ကို ပြုစုတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Villa Inle Resort & Spa

(I) Hotel ၏ဒီဇိုင်း

မြန်မာနိုင်ငံ၏ လူနေမှုစနစ်နှင့် သဘာဝပတ်ဝန်းကျင်အလှကို နိုင်ငံခြားသားများ ကြိုက်နှစ်သက်သောပုံစံအဖြစ် တင်ပြရာတွင် အထူးကျွမ်းကျင်လိမ္မာသော ဗြိတိသျှလူမျိုး ဗိသုကာ Mr David Woodwarth ကတာဝန်ယူ ရေးဆွဲပေးသောဒီဇိုင်းဖြစ်ပါသည်။

ဒီဇိုင်း၏ အခြေခံမှုများမှာ.....................................

(၁) အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီပြီး Visual Pollution မရှိသော Design ဖြစ်ရန်။

(၂) အင်းလေးဒေသခံတို့၏ ယဉ်ကျေးမှုလူနေမှုဓလေ့ကိုထင်ဟပ်စေသော Design ဖြစ်ရန်။

(၃) အင်းလေးဒေသ၏ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုအတွက် အထောက်အကူပေးသော Design ဖြစ်ရန် ။

(၄) အင်းလေးကန်နှင့်ပတ်ဝန်းကျင်တောင်တန်းများ၏ အလှအပကို မြင်ကွင်းကျယ် ကြည့်ရှုခံစားနိုင်ရုံသာမက ၎င်းသဘာဝ ပတ်ဝန်းကျင်ကို ထိတွေ့ခံစားခွင့်ရနိုင်သော Design ဖြစ်ရန် တို့ဖြစ်ပါသည် ။

နဂိုရှိရင်းစွဲဖြစ်သော သဘာဝအပင်ကြီးများကို သေသေချာချာထိန်းသိမ်းထားသည့်အပြင် (၈) နှစ်ခန့်ကြိုတင်၍ ကျွန်းပင် (၂၀၀၀) ကျော်အပါအဝင် သစ်ပင်ကြီးငယ်ပေါင်းစုံ ထောင်နှင့်ချီ၍ စိုက်ပျိုးခဲ့သဖြင့် Villa Inle သည် ဟိုတယ်နှင့်မတူဘဲ သေချာစွာ ထိန်းသိမ်းထားသော တောအုပ်ကလေးတစ်ခုနှင့် ပို၍တူနေပါသည်။

ဟိုတယ်အိပ်ခန်းဆောင်များသည် အင်းသားရိုးရာခြေတံရှည်အိမ်ကြီးများဖြစ်ပြီး တောအုပ်ကလေးများ အပြယ် တွင်တည်ဆောက်ထားခြင်းဖြစ်သောကြောင့် လာရောက် တည်းခိုသောဧည့်သည်များသည် ဒေသခံ အင်းသူ အင်းသား တို့၏အိမ်တွင် တည်းခိုရသကဲ့သို့ ခံစားရသည့်အပြင် သဘာဝနှင့်အနီးဆုံး ထိတွေ့နေထိုင်ရသော ရသကိုပါ ခံစား ရပါသည်။

ထို့အပြင် ၂၁.၇၇ ဧက ရှိသော မြေပေါ်တွင် Villa ပေါင်းအလုံး (၅၀) သာထည့်သွင်း ဆောက်လုပ်မည်ဖြစ်သော ကြောင့် Villa တစ်လုံးနှင့်တစ်လုံးကြားတွင် လုံလောက်သော အကွာအဝေးရှိပြီး လာရောက် တည်းခိုသူများအနေဖြင့် ကျဉ်းကျပ်ခြင်းကို မခံစားစေရဘဲ လွပ်လပ်မှု Privacy ကိုခံစားရစေပါသည်။

၎င်းအပြင် တည်းခိုနိုင်သော လူဦးရေမှာ (၁၀၀) ထက်မကျော်သဖြင့် Mass Tourism ကြောင့်ဖြစ်တတ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုလည်း လျော့နည်းစေပါသည်။

ထို့အပြင် ကျယ်ပြောသော Open Space များကိုလည်း ချန်လှပ်ထားပေးသဖြင့် နိုင်ငံခြားမှ မြို့ပြ၏မွန်းကျပ်မှု ဒဏ်ကိုခံစားရပြီး တစ်နှစ်ပတ်လုံး Concrete Jungle များထဲတွင်နေခဲ့ရသော ခရီးသည်များသည် Villa Inle သို့ ရောက်လာသော အခါ ၎င်း Open Space များတွင် လမ်းလျှောက်ရင်း အင်းလေးကန်၏ သဘာဝအလှနှင့် ပတ်ဝန်းကျင်တောင်တန်းကြီးများ၏ အလှအပ မြင်ကွင်းများကို အပြည့်အဝ ခံစားခွင့်ရစေသည့်အပြင် အတား

အဆီးမဲ့ကျယ်ပြောသောလွတ်လပ်မှုကိုလည်းခံစားခွင့်ရစေသည်။

(II) Environmentally ,Economically & Socially Responsible ဆောင်ရွက်ချက်များ

(A) Environmentally Responsible ဆောင်ရွက်ချက်များ

Villa Inle ၏ခံယူချက်မှာ အင်းလေးကန်ကြီးနှင့်တကွ ၎င်းကိုမှီခိုနေသော ကျေးရွာများ တည်ရှိနေမှသာ Villa Inle လည်းတည်ရှိနိုင်မည် ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် လိုအပ်သည်များကို ညက်စွမ်းရှိသလောက်ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသည်။

(၁) တစ်နိုင်တစ်ပိုင်သစ်တောထိန်းသိမ်းရေး

ပတ်ဝန်းကျင်မှ သစ်တောရှင်သန်နေမှသာလျှင် အင်းလေးကန်လည်း တည်တံ့နေနိုင်မည် ဖြစ်၍ သစ်တောဦးစီးဌာန၏ အစုအဖွဲ့ပိုင် သစ်တောစီမံကိန်းများတွင် ပါနွေးရွာကတာဝန်ယူရသော သစ်တော (၅၀၀) ကေကို ပိုင်းဝန်းလုပ်ကိုင်ခဲ့ဖူးပါသည်။

(၂) ရေဆိုးစွန့်ပစ်ခြင်း

Villa ဆောင်များတွင် Individual Bio Tank များကိုယိုးဒယားမှ မှာယူ၍တပ်ဆင်ထားခြင်းဖြင့် ထွက်ရှိသောရေဆိုးများကိုသန့်စင် ပါသည်။ မီးဖိုချောင်နှင့်အဝတ်လျှော်စက်များမှ ထွက်ရှိသောရေဆိုးများကို သီးသန့်ရေဆိုးကန်များအဖြစ်ထားရှိစေပါသည်။ မိမိတို့ ဟိုတယ်အနေဖြင့်အဆိုပါကဲ့သို့သောရေဆိုးရေညစ်များကိုလုံးဝဥဿုံအင်းလေးကန်ကြီးအတွင်းမရောက်ရှိစေရန် အထူးအလေးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

(၃) မီးဖိုချောင်သုံးပစ္စည်းများစွန့်ပစ်ခြင်း

ငါးရိုးများ၊ကြက်ဥခွံများကို စိုက်ခင်းများအတွက် အပင်အားတိုးဆေးများပြုလုပ်ရန် ပြန်လည်အသုံးချပါသည်။အခြားသောအစားအသောက်အကြွင်းကျန်များကို စနစ်တကျစုစည်းထားစေပြီး မီးသွေးဖုတ်ကျေးရွာမှဝက်၊နွားတို့၏အစာအဖြစ် မွေးမြူသူတို့အား အခမဲ့ပေးဝေစေပါသည်။

(၄) Organic စိုက်ခင်း

မီးဖိုချောင်အတွက်လိုအပ်မည့် ဆလတ်ပင်များ၊ခရမ်းချဉ်သီးပင်များ၊သခွားပင်များ၊ရွှေပဲသီးများ၊ခရမ်းသီးပင်များနှင့် အခြားသီးပင်များကိုဟိုတယ်၏ မြေလွတ်၊ မြေရိုင်းများကို ပြုပြင်၍ chemical free သဘာဝစိုက်ခင်းများကို စိုက်ပျိုးထားရှိပါသည်။

(၅) Composting

မိမိဟိုတယ်ရေလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာသောဗေဒါပင်များကို တစ်လ(၂)ကြိမ် ဝန်ထမ်းအင်အားဖြင့် ဆယ်ယူစေ၍လည်းကောင်း၊ မြက်ခင်းများမှ ရိုက်ဖြတ်ထားသောမြက်ပင်များနှင့် ကြွေလွင့်ထားသောသစ်ရွက်များကို မီးရှို့ခြင်း မပြုလုပ်ဘဲ ဂျပန်နည်း ပညာဖြစ်သော ဒိုချကင်းမွေးမြူ၍ သဘာဝမြေဩဇာများကိုပြုလုပ်စေပြီး၊ မိမိ၏စိုက်ခင်းများကို ပြန်လည် အသုံးပြုစေပါသည်။

(၆) Organic ပိုးသတ်ဆေး

Construction ကာလမှကျန်ရစ်သောလွှစာမှုန့်များကို အသုံးပြု၍ သဘာဝပေါင်းခံရည်အဖြစ်ပြုလုပ်ကာ ချင်း၊ငြုပ်၊ကြက်သွန်ဖြူ၊ ဆေးရွက်ကြီးအရက်တို့ဖြင့်ရောစပ်၍ သဘာဝပိုးသတ်ဆေးများကိုလည်း ကိုယ်တိုင်ထုတ်လုပ်၍ ဟိုတယ်စိုက်ခင်းများတွင် အသုံးပြုပါသည်။

(၇) Recycling

အသုံးပြုပြီးသားပလတ်စတစ်ဘူးခွံများ ၊ ဆေးပုံးအခွံများကို အပင်များထည့်၍စိုက်ပျိုးစေခြင်း ၊ Construction မှပိုသောပိုက်တိုပိုက်စများကို Lighting Box များအဖြစ်ပြန်လည်အသုံးပြုစေခြင်း ။

-ဆောက်လုပ်ရေးမှ ပိုသောသစ်များကို ပန်းပုရုပ်များထုလုပ်ခြင်း ၊ ပရိဘောဂ အသေးစားများ ပြုလုပ်ခြင်း ၊ လမ်းညွှန်ဆိုင်းဘုတ်များပြုလုပ်ခြင်း၊

- Bed Sheet များ ၊ Liner များဟောင်းသွားလျှင် သန့်ရှင်းရေးအတွက် အဝတ်စများပြုလုပ်ခြင်း ၊

(၈) မြေအောက်ရေရှေ့တာခြင်း

(a) အပင်ရေလောင်းရန်အတွက် မြေအောက်ရေကို မသုံးဘဲ ငွေကြေးပိုမိုအကုန်ကျခံပြီး အင်းထဲမှရေကို စုပ်ယူ သုံးစွဲပါသည် ။

(b) ရေချိုးခန်းတိုင်းတွင် ရေပူ ရေအေးစပ်ရန် အသင့်တော်ဆုံး အမှတ်အသားများပြုလုပ်ပေးခြင်းဖြင့် တည်းခိုသူများ ရေကို အဆုံး အထိဖွင့်ပြီး သုံးခြင်းကိုရှောင်လွှဲနိုင်ရန် စီစဉ်ထားပါသည်။

(င) မိုးရေများ ရေအောက်သို့ အပြည့်အဝ စိမ့်ဝင်နိုင်ရန် ကားပါကင်များ၊ လမ်းများကို ကွန်ကရစ်ခင်းများ မထားဘဲ သဘာဝ မြေကြီးကိုသာပြုပြင်အသုံးပြုပါသည်။

(၉) နွံးတားတမံများပြုလုပ်ခြင်း

မိုးရေနှင့်အတူနွံးများကန်ထဲမရောက်ရှိစေရေးအတွက် မိမိတို့ဟိုတယ်ဝင်းအတွင်း၌ နွံးတားတမံများပြုလုပ်ခြင်း၊ ကမ်းစပ်တစ်လျှောက်တွင် အမြစ်တွယ်အားကောင်းသော အပင်များ စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ပါသည်။

(၁၀) ပြည်တွင်းဧည့်သည်များအား Environmentally Responsible စိတ်ဓါတ်ရှိအောင် Educate လုပ်ခြင်း

Low Season ဖြစ်သော မိုးတွင်းကာလများတွင် နိုင်ငံခြားဧည့်သည်များ အလွန်နည်းသဖြင့် အချို့ဒေသမှ ဟိုတယ်များသည် ၎င်းအချိန်တွင်ပိတ်ပြီး ဝန်ထမ်းများကိုလည်း ခွင့်ရက်ရှည်ပေးကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် မီတာခ၊ရေသုံးစွဲခ စသည်တို့ များစွာသက်သာပါသည်။ Villa Inle မှာမူ ၎င်းအချိန်၌ ငွေကြေးအကုန်အကျခံပြီးဖွင့်ထားကာ ပြည်တွင်းဧည့်သည်များ အင်းလေးဒေသသို့ လာရောက်လည်ပတ်နိုင်ရန် အထူးလျှော့ဈေးဖြင့် ဆွဲဆောင်ပါသည်။ထိုသို့ လာရောက်တည်းခိုသူ မြန်မာနိုင်ငံသားများကို ဟိုတယ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်ချက်များကို လိုက်လံပြသပြီး ၎င်းတို့တွင်လည်း responsible အသိစိတ်ဓါတ်ဝင်လာစေရန် educate လုပ်ပါသည်။

(B) Economically & Socially Responsible ဆောင်ရွက်ချက်များ

(၁) ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းများရစေခြင်း ၊ GM နှင့် အခြားဝန်ထမ်း (၃၅) ဦးမှအပ ကျန်ဝန်ထမ်း(၇၅) ဦးသည်အင်းလေးဒေသခံများဖြစ်ကြပါသည်။

(၂) ကျောင်းရက်ရှည်ပိတ်သော ကာလများတွင် ဟိုတယ်နှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းတိုများ ပြုလုပ်ပြီးပတ်ဝန်းကျင်ရွာများမှကျောင်းသားလူငယ်များကို ဟိုတယ်သို့ဖိတ်ခေါ်၍ သင်ကြားပေးပါသည်။

(၃) ဟိုတယ်၌ခန့်ထားသော ဝန်ထမ်းများကို ဧည့်သည်ပါးသော ရာသီများတွင် ရန်ကုန်ရုံးချုပ်သို့ ပို့ဆောင်ပြီး ကျောင်းအိပ်ကျောင်းစားစနစ်ဖြင့် သင်တန်းများ တက်ရောက်စေပါသည်။ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနမှဖွင့်လှစ်သော ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သင်တန်းများကိုလည်း အလှည့်ကျစနစ်ဖြင့် ရွေးချယ်တက်ရောက် စေပါသည်။ ထို့အပြင်

ချက်ပြုတ်ရေးဆိုင်ရာ အတွေ့အကြုံနှင့်လက်ရည်ကိုးကက်စေရန် ရည်ရွယ်၍ "၂၀၁၁" ဟိုပာယ်ဖွင့်ပွဲပတ်ပွင် အမိက ဦးဆောင် နိုင်သောသူကိုရွေးချယ်ကာ " Le O'pera Italian " စားသောက်ဆိုင်သို့ လွှတ်၍ သင်တန်း တက်စေခဲ့ပါသည်။ ယခုနှစ်တွင်လည်း ယုံဒယားနိုင်ငံဖူးခက်သို့ ယိုးဒယားအစားအစာအတွက် ပြုပြင်မွမ်းမံ သင်တန်း အဖြစ် စေလွှတ်ရန် ဒေသခံ ထမင်းချက် နှစ်ဦးအား လျာထားလျက်ရှိပါသည်။

(၄) ပေပင်ရှာ မီးရရှိရေးအတွက် ထရန်စဖော်မာတစ်လုံး မတည်ပေးသည့် အတွက် ယခုအခါ ပေပင်ရှာသည် မီးပုံမှန်ရရှိနေပြီဖြစ်ပါသည်။

(၅) ၂၀၁၄ တွင် The Code Organization (www.thecode.org) တွင် အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည် ။ The Code Organization ၏ အဓိကရည်ရွယ်ချက်မှာ ရေရှည်ရှင်သန်နိုင်သော ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ရေးကို အားပေးပြီး နယ်မြေဒေသ အသီးသီးရှိ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ၊ အမြတ်ထုတ်မှုများမှ ထိရောက်စွာ ကာကွယ် ပေးနေသော အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ Villa Inle အနေဖြင့် ယင်းအဖွဲ့အစည်း တွင်ဝင်ရောက်ကူညီဆောင်ရွက်ပေးသည့်အပြင် ကလေးသူငယ်များအား အကြမ်းဖက်ခြင်းမှ တတ်စွမ်းသလောက် ကာကွယ် ပေးခြင်း ၊ ပတ်ဝန်းကျင်၌ ယင်းကဲ့သို့ အကြမ်းဖက် မှုမျိုးတွေ့ရှိပါက သက်ဆိုက်ရာသို့ အကြောင်းကြားခြင်း ၊ ဒေသခံ ပြည်သူများအား ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများနှင့်ပတ်သက်သော ဗဟုသုတများကိုရရှိနိုင်ရန် ပညာပေး ဟောပြောပွဲများပြုလုပ်ပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါသည်။

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

Villa Inle Resort & Spa လုပ်ငန်းများအတွက် မီးဘေးလုံခြုံရေးစီမံချက်

၁။ ရည်ရွယ်ချက်

"ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေ(၂၁. ၇၇)ကေတွင် Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မလိုလားအပ်သော မီးဘေးအန္တရာယ်ကြောင့် ငွေကြေးနှင့် အခြားဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ထိရောက်သော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

၂။ တည်နေရာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

၃။ လုပ်ငန်းတာဝန်

ရည်ရွယ်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်-

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း
(ခ) မီးငြိမ်းသတ်ရေးလုပ်ငန်း
(ဂ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

၄။ မီးဘေးအန္တာရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း

ကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံး လုပ်ငန်းဖြစ်၍ အောက်ပါညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် အချိန်အခါနှင့် အခြေအနေအရ ဖြည့်စွက်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်-

(၁) မီးလောင်စေနိုင်သော အခြေအနေများကို ဖယ်ရှားတားမြစ်ရန်၊

(၂) Villa Inle Resort & Spa အတွင်း မီးလောင်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များ၊ အမြဲသန့်ရှင်းအောင် ရှင်းလင်းထားရန်။

(၃) လောင်စာဆီများကို သတ်မှတ်ကန့်သတ်ချက်နည်းလမ်းအတိုင်းစနစ်တကျ သိုလှောင်ခြင်း၊ ဖြည့်တင်းခြင်း၊ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများပြုလုပ်ရန်။

(၄) လျှပ်စစ်သွယ်တန်းအသုံးပြုခြင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပြဋ္ဌာန်းချက်များ၊ နည်းပညာများအတိုင်း တပ်ဆင်အသုံးပြုသွားရန်။

(၅) အဆောက်အဦးတွင် မြေစိုက်ကြိုးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ရန်။

(၆) မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအဖွဲ့များဖွဲ့စည်းပေး၍ နည်းပညာပေးသင်တန်းများပို့ချပေးရန်။

(၇) မီးသတ်ဆေးဗူးများ၊ မီးသတ်ရေပိုက်ခေါင်းများ၊ ရေလှောင်ကန်များထားရှိရန်။

၅။ မီးငြိမ်းသတ်ရန် ကြိုတင်လုပ်ငန်းများ

မီးလောင်မှု မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွား လာပါက အောက်ပါအတိုင်း လုပ်ငန်းများကို စနစ်တကျ လိုက်နာဆောင်ရွက်သွားရမည်။

(၁) ဟိုတယ်အဆောက်အဦးနှင့် လိုအပ်သော နေရာတိုင်းတွင် မီးသတ် ဆေးဗူးများ၊ ရေပုံး၊ မီးသတ်ပိုက်လိုင်းများထားရှိရမည်။

(၂) အလိုအလျောက် မီးအချက်ပေးစနစ်နှင့် အချက်ပေးသံချောင်းများ တပ်ဆင်ရမည်။

(၃) မီးလှန့်အချက်ပေးသည့်စနစ်ကို သတ်မှတ်ထားရမည်။

(၄) မီးလောင်လျှင် ဦးစားပေးငြိမ်းသတ်ရေးကို သတ်မှတ်ရမည်။

(၅) မီးဘေးလုံခြုံရေးဝန်ထမ်းကိုနေ့စဉ်တာဝန်ချထားရမည်။

(၆) ဟိုတယ်ဆောက်ရာတွင် အရေးပေါ်ထွက်ပေါက်များ၊ လှေခါးများကိုစနစ်တကျထားရှိရမည်။

(၇) မီးလောင်မှုဖြစ်ပွားပါက အောက်ပါတို့ကို ချက်ချင်းအရေးတကြီးပြုလုပ်ရမည်-

(က) အချက်ပေးခေါင်းလောင်းခေါက်ခြင်း
(ခ) မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးမီးသတ်ကား လာရောက်ငြိမ်းသတ်နိုင်ရန် လမ်းညွှန်အကြောင်းကြားခြင်း။
(ဂ) ဦးစားပေးပစ္စည်းများ မီးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊
(ဃ) မီးငြိမ်းသတ်ခြင်း၊

၆။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

အကယ်၍ မီးလောင်မှုကြောင့် လူနှင့်စက်ပစ္စည်းများကို အရေးပေါ်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသဖြင့် ထိခိုက်မှု၊ ဆုံးရှုံးမှုများရှိပါက တာဝန်ရှိကြီးကြပ်သူများသို့ တင်ပြ၍ နေရာ ချထားပေးခြင်း၊ ဆေးပေးခန်း၊ ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့်ကူညီ ထောက်ပံ့မှုပေးခြင်းတို့ကို ဆောင်ရွက်ပါမည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

လုပ်ငန်းခွင်သာယာရေးနှင့် လုပ်သားများသက်သာချောင်ချိရေး အစီအစဉ်

"ကတ်ပါ အင်တာနေရှင်နယ် လီမိတက်" (Kappa International Limited)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၁. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်သားသက်သာချောင်ချိရေးအစီအစဉ်ကို အောက်ပါအတိုင်း စီစဉ်ထားပါသည်။

၁။ ဝန်ထမ်းများကို အကြို/ အပို့ မော်တော်ယဉ်များလည်းစီစဉ်ပေးထားမည်ဖြစ်ပါသည်။

၂။ Villa Inle Resort & Spa များ၏ ဝန်ထမ်း ထမင်းစားဆောင်ကိုလည်း တည်ဆောက်ပြီး ထမင်းစားခုံ၊ ကုလားထိုင်၊ ဆပ်ပြာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ ဖြည့်ဆည်းပေးပါမည်။

၃။ ရေချိုးခန်းနှင့် အိမ်သာကို အမျိုးသား၊ အမျိုးသမီးခွဲခြားလျှက် အလုံအလောက် တည်ဆောက်ထားရှိမည်ဖြစ်ပါသည်။

၄။ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သန့်စင်ခန်းများ၊ အမှိုက်ပုံးများထားရှိခြင်း၊ ဟိုတယ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန် လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ရေနုတ်မြောင်းများကို တည်ဆောက်၍ သန့်ရှင်းစင်ကြယ်မှုရှိစေရန် အစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ Villa Inle Resort & Spa တွင် လေဝင်လေထွက်ကောင်းစေရန် စီမံဆောက်ရွက်ထားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

Kappa Int'l Ltd.

Nawarat Condo ,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

<u>အခွန်ငွေပေးဆောင်ရန်နှင့် ပတ်သက်၍ကတိဝန်ခံချက်</u>

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ "ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ၊ မြေ(၂၁. ၇၇)ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဝန်ထမ်းခန့်ထားရာ၌ တစ်နှစ်လစာငွေကျပ် ၂,၀၀၀,၀၀၀/အထက်ရရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်းဝန်ထမ်းများ၏ လစာမှနုတ်ယူ၍နိုင်ငံတော်သို့ ပေးဆောင်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Mar Din

Director

Kappa International

Kappa Int'l Ltd.

Nawarat Condo,,Sa Mon street ,building no 22/24 ,Dagon TSP, YGN

Phone : 01376568 **Fax : 377830**

E-mail : kappamyanmar@gmail.com

<u>ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ထားမှုအခြေအနေတင်ပြခြင်း</u>

"ကတ်ပါအင်တာနေရှင်နယ်လီမိတက်" (Kappa International Limited)သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင်၊ အင်းလေးကန်တောရှိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ မြေ(၂၁. ၇၇) ဧကတွင် Villa Inle Resort & Spa လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်အတွင်း သန့်စင်ခန်းများ ထားရှိခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ **Villa Inle Resort & Spa** ပတ်ဝန်းကျင်အား သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများမှ အနံ့အသက်များမရှိအောင် ရေနုတ်မြောင်းများ ကို ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ခြင်းလုပ်ငန်းများကိုအစဉ်ပြု လုပ်မည်ဖြစ်ပါကြောင်းနှင့် ဟိုတယ်မှထွက်ရှိမည့် ရေဆိုးများကို စနစ်တကျစွန့်ပစ်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

Villa Inle Resort & Spa ပတ်ဝန်းကျင်တွင် ဆူညံမှုဖြစ်ပေါ်မည်မဟုတ်ပဲ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်မည်မဟုတ်ကြောင်းနှင့် **Villa Inle Resort & Spa** ထွက်ရှိလာသော အမှိုက်များကိုလည်း စနစ်တကျစွန့်ပစ်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းမှဖြစ်ပေါ်လာမည့် အနံ့ဆိုး များ ပျောက်ကင်းစေရန် အငွေ့စုပ်သည့် အပင်များစိုက်ပျိုးထားရှိမည်ဖြစ်ပါကြောင်း ပန်ခံကတိပြု ပါသည်။

လေးစားစွာဖြင့်

Min Din
Director
Kappa International Ltd.

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၇၀ / နပတ(၉၇၁)

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မေလ ၂၃ ရက်

အကြောင်းအရာ။ အင်းလေးကန်သောမဲ့တောအတွင်းရှိ မြေငှားရမ်းခြင်းအတွက် နှစ်ရှည်မြေငှားရမ်းခြင်းစာချုပ်(မူကြမ်း)များအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်ကိစ္စ

ရည် ညွှန်း ချက် ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏၇-၅-၂၀၁၄ရက်စွဲပါစာအမှတ်၊ ဥယျာဉ်-ငွေ / အင်းလေး(ဟိုတယ်) /၂၈၇၅ / ၂၀၁၄

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် အင်းလေးကန်သောမဲ့တောအတွင်းရှိ မြေငှားရမ်းခွင့်ရရှိထားသောဟိုတယ်(၁၀)လုံးအား နှစ်ရှည်မြေငှားစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့် ပြုရန်အတွက် AMATA INTERNATIONAL CO.,LTD၊ ASIA GREEN TRAVELS &TOURS CO.,LTD၊ SANCTUM INLE RESORT CO.,LTD၊ THAZIN GARDEN INTERNATIONAL TRADING CO.,LTD၊ KAPPA INTERNATIONAL CO.,LTD၊ ADVENTURE MYANMAR TOURS & INCENTIVES CO.,LTD၊ MINOR MYANMAR CO.,LTD၊ HTOO TRADING CO.,LTD နှင့်ရွှေအင်းသားကုမ္ပဏီလီမိတက်တို့နှင့် ချုပ်ဆိုမည့် မြေငှားရမ်းခြင်း စာချုပ်(မူကြမ်း)များအပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသော ကိစ္စဖြစ်ပါသည်။

လျှို့ဝှက်

၂။ ရည်ညွှန်းချက်ပါစာတွင် နှစ်ရှည်မြေငှားစာချုပ်ဖြင့် Amata Garden Resort Hotel Inle ကို ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် ဆောင်ရွက်မည့်ကုမ္ပဏီအား United International Group Limited ဟု ဖော်ပြထားပြီး စာချုပ်(မူကြမ်း) တွင် AMATA INTERNATIONAL CO.,LTD နှင့် ချုပ်ဆိုရန်ဖော်ပြထားရာ ကုမ္ပဏီအမည်ကွဲလွဲနေပါသဖြင့် ပြန်လည်စိစစ်ရန်ဖြစ်ပါသည်။

၃။ ရည်ညွှန်းချက်ပါစာနှင့်အတူ ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း) ၁၀ ရပ်သည် ငှားရမ်းမည့်မြေဧရိယာနှင့် စာချုပ် ချုပ်ဆိုမည့်ကုမ္ပဏီများကွဲပြားခြားနားသော်လည်း စာချုပ် ပုံစံ တစ်မျိုးတည်းရေးသားပြုစုထားသဖြင့် တစ်ပေါင်းတည်းစိစစ်သုံးသပ်အကြံပြုအပ်ပါသည်။

၄။ ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း) ၁၀ရပ် အပေါ် ဥပဒေရှုထောင့်မှ လေ့လာ စိစစ်၍ အောက်ပါအတိုင်းသုံးသပ် အကြံပြုအပ်ပါ သည်-

(က) စာချုပ်(မူကြမ်း)များ၏အပိုဒ် ၁ ရည်ရွယ်ချက်၏အပိုဒ်ခွဲ ၁-၁ နှင့် ၁-၂၊အပိုဒ် ၃ ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း၏အပိုဒ်ခွဲ ၃-၁၊အပိုဒ် ၅ အငှားချထားသည့် မြေနှင့် မြေငှားရမ်းခြင်း သက်တမ်းကာလ၏ အပိုဒ်ခွဲ ၅-၁ တို့တွင် နောက်ဆက်တွဲ(က)၊ (ခ)၊ (ဂ) စသည်ဖြင့် ရည်ညွှန်းဖော်ပြထားသော်လည်း စာချုပ် (မူကြမ်း) များ၏ပူးတွဲပါနောက်ဆက်တွဲများတွင် ရည်ညွှန်းအမှတ်စဉ် အက္ခရာများ ဖော်ပြပါရှိခြင်းမရှိပါသဖြင့် ပြန်လည်စိစစ်ဖော်ပြရန်နှင့် စာချုပ်ပါ စည်းကမ်းချက်၌ ကိုက်ညီရန် ဌာနမှတာဝန်ယူစိစစ်ရန်ဖြစ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)များ၏ အပိုဒ် ၁၂ အငှားချထားခြင်းခံရသူ၏တာဝန်ဝတ္တရားများ အပိုဒ်ခွဲ ၁၂-၁ ၊ အပိုဒ်ခွဲငယ်(ဂ) တွင် ပြောင်းလဲပြင်ဆင် ဆောက်လုပ်လိုပါက အငှားချထားသူထံပြန်လည်တင်ပြ၍ အတည်ပြုချက် ရရှိပြီးမှသာ ဆောက်လုပ်ခွင့်ပြုရမည်ဟုဖော်ပြထားရာ တင်ပြရန်အချိန်ကာလ ကန့်သတ်

ချက်နှင့် မည်ကဲ့သို့တင်ပြရမည်ကိုထည့်သွင်းဖော်ပြရန် သင့် မသင့်ဌာနမှ ပြန်လည်စိစစ်သင့်ပါ သည်၊

(ဂ) ထို့အပြင် စာချုပ်(မူကြမ်း)များ အပိုဒ်ခွဲ ၁၂-၁၊ အပိုဒ်ခွဲငယ်(ဆ)တွင် ဖော်ပြထားသည့် အငှားချထားခြင်းခံရသူမှ အေးဆေးစွာအသုံးပြုခွင့်ရရှိရေးကိစ္စမှာ အငှားချထားသူ၏တာဝန်ဖြစ်သဖြင့် အပိုဒ် ၁၁ အငှားချထားသူ၏ တာဝန်ဝတ္တရားများခေါင်းစဉ်အောက်သို့ ပြောင်းရွှေ့ဖော်ပြသင့်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)များပါ ကွက်လပ်များအား စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံစွာဖြည့်စွက်ပြီးဖြစ်ရန်လိုအပ်ပါသည်၊

(င) လိုအပ်သောနေရာအချို့တွင် မင်နီဖြင့် အနည်းငယ် ပြင်ဆင်ပေးလိုက်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေ အကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ် များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြု ပါသည်။

၆။ သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုမည့် ကုမ္ပဏီများဖြစ်သော AMATA INTERNATIONAL CO.,LTD၊ ASIA GREEN TRAVELS &TOURS CO.,LTD၊ SANCTUM INLE RESORT CO.,LTD၊ THAZIN GARDEN INTERNATIONAL TRADING CO.,LTD၊ KAPPA INTERNATIONAL CO.,LTD၊ ADVENTURE MYANMAR TOURS & INCENTIVES CO.,LTD၊ MINOR MYANMAR CO.,LTD၊ HTOO TRADING CO.,LTD နှင့်ရွှေအင်းသားကုမ္ပဏီလီမိတက်တို့သည် ဥပဒေအရ

တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီများဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ် ရေးထိုးမည့်သူများသည် တရားဝင်လွှဲအပ်ခြင်းခံရသူများဟုတ် မဟုတ် စသည့်အချက်များနှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၇။ စာချုပ်(မူကြမ်း)များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံး သို့ မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၂/၅/၂၀၁၄

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မေသီလင်း ၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန

နှင့်

KAPPA INTERNATIONAL CO.,LTD

တို့၏

အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နယ်မြေအတွင်းရှိ

မြေ(၂၁.၇၇)ကေအား နှစ်ရှည်မြေငှားရမ်းခြင်း

နှစ်ဘက် သဘောတူစာချုပ်မူကြမ်း

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ လ ၊ (   )ရက်

အပိုဒ်-၂ ရင်းနှီးမြှုပ်နှံမှု

၂-၁ "အငှားချထားခြင်းခံရသူ"သည် အဆိုပြုလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာကျပ်သန်း ၅၀၀၀ (ကျပ်သန်းငါးထောင်တိတိ)ထည့်ဝင်၍ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

အပိုဒ်-၃ ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

၃-၁ ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြသည့် စာချုပ်ဝင်များအနက် "အငှားချထားသူ"သည် ငှားရမ်းမည့် (၂၁.၇၇) ဧကကို တရားဝင်ပိုင်ဆိုင်ကြောင်း နှင့် ၂၀၁၃ ခုနှစ် ဩဂုတ်လ(၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၇/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ထုံးလုပ်နည်းနှင့်အညီ နှစ်ရှည်ငှားရမ်းရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။ (နောက်ဆက်တွဲ - ဂ)

၃-၂ "အငှားချထားခြင်းခံရသူ"သည် ဤသဘောတူစာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် ငွေကြေးအင်အား ပြည့်စုံသူဖြစ်ကြောင်း အာမခံပါသည်။ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့သည် ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော အခွင့်အာဏာရှိကြသူများဖြစ်ကြောင်း အသီးသီးကိုယ်စားပြု အာမခံကြပါသည်။

အပိုဒ်-၄ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၄-၁ ဤသဘောတူစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သက်ဆိုင်ရာ အစိုးရဌာနအာဏာပိုင် အဖွဲ့အစည်းများထံမှ ရယူရန်လိုအပ်သော အတည်ပြုချက်များ ၊ ခွင့်ပြုမိန့်များရရှိပြီးမှသာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

အပိုဒ်-၅ အငှားချထားသည့် မြေနှင့် မြေငှားရမ်းခြင်းသက်တမ်းကာလ

၅-၁ အငှားချထားသည့်မြေတည်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော၊ သဘာဝနယ်မြေတစ်ခုဖြစ်သည့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟုသတ်မှတ်ထားသောမြေရှိ နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားသော မြေပုံတွင် အမှတ်အသားပြထားသည့် ဘောင်အတွင်းရှိ မြေဧရိယာ(၂၁.၇၇)ဧက ဖြစ်ပါသည်။

၅-၂ ဤသဘောတူစာချုပ်ပါ မြေငှားရမ်းခြင်းသက်တမ်းကာလမှာ မြေငှားစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍ ကနဦး(၅၀)နှစ်ဖြစ်ပြီးတစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့်သက်တမ်း (၂)ကြိမ် တိုးခွင့် ရှိသည်။

၅-၃ အငှားချထားသည့်ကာလတိုးမြှင့်ခြင်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်သည်။

အပိုဒ် - ၆- ငှားရမ်းသက်တမ်းကာလတိုးခြင်းနှင့် မှတ်ပုံတင်ခြင်း

၆-၁ ငှားရမ်းလုပ်ကိုင်ခွင့်ပြုသည့် သက်တမ်းကာလမှာ ၂၀၁၄ ခုနှစ်မှ ၂၀၆၄ ခုနှစ်ထိ (၅၀)နှစ်သက်တမ်းဖြစ်ပြီး သက်တမ်းတိုးခြင်းအား(၁၀)နှစ်(၂)ကြိမ် ထပ်မံတိုးခွင့်ရှိပါ သည်။

၆-၂ ဤစာချုပ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိရမည် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကျသင့်ငွေများကို အငှားချထားခြင်းခံရသူမှ ကျခံရမည်ဖြစ်ပါသည်။

၆-၃ မှတ်ပုံတင်ကြေးပေးဆောင်ရန် အလို့ငှာ ပထမနှစ်ငှားရမ်းကာလဖြစ်သည့် (၁.၄.၂၀၁၄)မှ (၃၁.၃.၂၀၁၅)ထိ တစ်နှစ်လျှင် ကျပ် ၂၀၀၀၀၀(ကျပ်နှစ်သိန်း)နှုန်းဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းပါမည်။

အပိုဒ်-၇ စာချုပ်သက်တမ်း

၇-၁ ဤစာချုပ်သက်တမ်းမှာ စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုသည့် နေ့မှစ၍ ကနဦး(၅၀) နှစ်ဖြစ်သည်။ အငှားချထားခြင်းခံရသူသည် စာချုပ်သက်တမ်းတိုးမြှင့်လိုပါက ကနဦးသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး(၃)လကြိုတင်၍ စာဖြင့်အကြောင်းကြားတင်ပြရမည်။ ကနဦး (၅၀)နှစ် ငှားရမ်းပြီးနောက်ထပ်သက်တမ်းကာလ တိုးမြှင့်ငှားရမ်းရေးအတွက် နှစ်ဘက် ညှိနှိုင်းဆောင်ရွက်ရမည်။ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်သို့တင်ပြ၍ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်စေရမည်။

အပိုဒ်-၈ အကျိုးသက်ရောက်သည့်နေ့

၈-၁ ဤသဘောတူစာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုး ချုပ်ဆိုသည့်နေ့မှစတင်၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

အပိုဒ်-၉ မြေအသုံးချမှုပရီမီယံ

၉-၁ "မြေအငှားချထားခြင်းခံရသူ"သည် မြေအသုံးချမှုအတွက် ပရီမီယံကြေးအဖြစ် မြေတစ်ဧကလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ) နှုန်းဖြင့် မြေ(၂၁.၇၇)ဧက အတွက်

ငွေကျပ် ၁၀၈၈၅၀၀(ကျပ်တစ်ဆယ့်သိန်းရှစ်သောင်းရှစ်ထောင်ငါးရာတိတိ) ကို "အငှားချထားသူ"သို့ အောက်ဖော်ပြပါ အတိုင်းပေးသွင်းရမည်။

(က) ပထမအရစ်အဖြစ် စုစုပေါင်းပရီမီယံ၏ ၃၀% ဖြစ်သော ကျပ် ၃၂၆၅၅၀(ကျပ်သုံးသိန်းနှစ်သောင်းခြောက်ထောင်ငါးရာငါးဆယ်တိတိ) ကို သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ရက်(၃၀)အတွင်း ပေးသွင်းရမည်။

(ခ) ဒုတိယအရစ်အဖြစ် စုစုပေါင်းပရီမီယံ၏ ၃၀% ဖြစ်သောကျပ်၃၂၆၅၅၀ (ကျပ်သုံးသိန်းနှစ်သောင်းခြောက်ထောင်ငါးရာငါးဆယ်တိတိ)ကို ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုပြီး (၆)လအတွင်း ပေးချေရမည်။

(ဂ) တတိယအရစ်အဖြစ် စုစုပေါင်း ပရီမီယံ၏ ၄၀%ဖြစ်သော ကျပ် ၅၃၅၄၀၀ (ငါးသိန်းသုံးသောင်းငါးထောင်လေးရာတိတိ)ကို ဤသဘောတူစာချုပ်ချုပ်ဆိုပြီး (၂၄)လအတွင်း ပေးချေရမည်။

(ဃ) မြေအသုံးချမှုပရီမီယံကြေးပေးသွင်းရာတွင် အငှားချထားသူ၏ နေပြည်တော် ၊ မြန်မာ့စီးပွားရေးဘဏ်တွင် သစ်တောဦးစီးဌာနအမည်ဖြင့် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် ၊ MD- 010613 သို့ ပေးသွင်းရမည်။

၉-၂ မြေအသုံးချမှုအတွက် ပရီမီယံကြေးကို သတ်မှတ်ကာလအတွင်းပေးသွင်းရမည်။ အကယ်၍ သတ်မှတ်ကာထက် နောက်ကျပြီးပေးသွင်းပါက တစ်ရက်လျှင် ဒဏ်ကြေးငွေကျပ် ၂၀၀၀(ကျပ်နှစ်ထောင်)နှုန်း ပေးဆောင်ရမည်။

အပိုဒ်-၁၀ နှစ်စဉ်ငှားရမ်းခပေးချေခြင်း

၁၀-၁ "အငှားချထားခြင်းခံရသူ" သည် အငှားချထားသည့် မြေဧရိယာ(၂၁.၇၇)ဧကအတွက် တစ်ဧကလျှင် ၂၀၀၀၀၀ နှုန်းဖြင့်ကျပ် ၄၃၅၄၀၀၀(ကျပ်လေးဆယ့်သုံးသိန်းငါးသောင်းလေးထောင်တိတိ)ကို အငှားချထားသူထံသို့ ဤစာချုပ်ကို နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီးရက်ပေါင်း(၆၀)အတွင်း ကြိုတင်၍ပေးသွင်းရမည်။ နောင်နှစ်များတွင်လည်း နှစ်စဉ်သက်တမ်းမစတင်မီ ရက်ပေါင်း(၆၀)အတွင်းကြိုတင်၍ ပေးသွင်းရမည်။ အကယ်၍ သတ်မှတ်ကာလထက် နောက်ကျပြီးပေးသွင်းပါက တစ်ရက်လျှင်ဒဏ်ကြေးငွေ ကျပ် ၅၀၀၀(ကျပ်ငါးထောင်)နှုန်း ပေးဆောင်ရမည်။

၁၀-၂ မြေငှားရမ်းခကို(၅)နှစ်လျှင်တစ်ကြိမ် ပြန်လည်ပြင်ဆင်သတ်မှတ်ရန်နှင့် စာချုပ်ပြန်လည်ချုပ်ဆိုသည့်အခါ ငှားရမ်းခနှုန်းထားကို ကာလဒေသပေါက်ဈေးနှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ လက်ရှိစာချုပ်ပါ ငှားရမ်းခ၏ ၁၀%ထက်မပိုသော နှုန်းထားဖြင့် ပြင်ဆင်သတ်မှတ်မည်ဖြစ်သည်။

အပိုဒ်-၁၁ အငှားချထားသူ၏ တာဝန်ဝတ္တရားများ

၁၁-၁ အငှားချထားသူသည် အောက်ပါတာဝန်ဝတ္တရားများအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အငှားချထားသည့် မြေအတွက် မြေခွန်ကိုပေးဆောင်ရမည်။

(၂) လိုအပ်သောခွင့်ပြုချက်များ၊ မှတ်ပုံတင်မှုများ၊ လိုင်စင်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(၃) အငှားချထားခြင်းခံရသူက ဤမြေနှင့်အဆောက်အအုံငှားရမ်းလုပ်ကိုင်ခြင်းအတွက် နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရမည့် အခွန်အခများအားလုံးကို မြန်မာကျပ်ငွေဖြင့်ပေးချေနိုင်ရန်အတွက် အငှားချထားသူက ကူညီဆောင်ရွက်ပေးရမည်။

(၄) အငှားချထားသည့် မြေတွင် အဆောက်အုံများကို ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက်လိုအပ်သော တည်ဆောက်မွမ်းမံပြင်ဆင်မှုများပြုလုပ်နိုင်ရန် အငှားချထားခြင်းခံရသူသို့ ခွင့်ပြုပေးရမည်။

(၅) အငှားချထားခြင်းခံရသူအနေဖြင့် အငှားချထားစဉ်ကာလအတွင်း မြေကို ငြိမ်းချမ်းစွာနှင့် အေးဆေးစွာအသုံးပြုပိုင်ခွင့်ရပြီး အငှားချထားသူ၏ သဘောအရ (သို့မဟုတ်) အငှားချထားသူ၏ ယုံကြည်အပ်နှံသူတို့၏ ပါဝင်ပတ်သက်မှု ဝင်ရောက်နှောက်ယှက်မှုမရှိစေရ။

အပိုဒ်-၁၂ အငှားချထားခြင်းခံရသူ၏ တာဝန်ဝတ္တရားများ

၁၂-၁ "အငှားချထားခြင်းခံရသူ"သည် အောက်ပါတာဝန်ဝတ္တရားများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) အဆိုပါမြေတွင် အခန်း(၅၀)ခန်းပါ နိုင်ငံတကာအဆင့်မီဟိုတယ်ကို ရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာငွေကျပ် သန်း(၅၀၀၀)ဖြင့် တည်ဆောက်ပြီး ဟိုတယ်လုပ်ငန်းကို အငှားချထားခြင်းခံရသူက မိမိစရိတ်ဖြင့် တည်ဆောက်လုပ်ကိုင်ရမည်။

(ခ) အငှားချထားခြင်းခံရသူသည် နိုင်ငံတကာအဆင့်မီ ဟိုတယ်စီမံကိန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှစတင်၍ မြေပြုပြင်ကာလ(၆)လနှင့် ဟိုတယ်တည်ဆောက်ရေးကာလ(၁၈)လ ၊ စုစုပေါင်း(၂၄)လအတွင်း ပြီးစီးအောင်တည်ဆောက်ဖွင့်လှစ်ရမည်။

(ဂ) အငှားချထားခြင်းခံရသူသည် အဆိုပြုတင်ပြထားသည့် စာချုပ်ပါအဆောက်အဦးအကွက်ချပုံစံ (Site Plan) အဆောက်အဦးအမျိုးအစားအလိုက်၏ အရေအတွက်နှင့် ပုံစံ (Drawing) များအတိုင်းသာ ဆောက်လုပ်သွားမည်ဖြစ်ပြီး ပြောင်းလဲပြင်

ဆင်ဆောက်လုပ်လိုပါက အငှားချထားသူထံ သို့(၃)လကြိုတင်အကြောင်းကြားရမည်။ အတည်ပြုချက် ရရှိပြီးမှသာ ဆောက်လုပ်ရမည်။

(ဃ) အငှားချထားခြင်းခံရသူသည် ဤသဘောတူစာချုပ်၏ အပိုဒ်(၉)နှင့်အပိုဒ်(၁၀)တွင် ဖော်ပြထား သည့် မြေအသုံးချမှုပရီမီယံ(Land Use Premium)နှင့် နှစ်စဉ်ငှားရမ်းခငွေများ (Annual Land Lease Rental)ကို ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ထားသည့်ကာလများအတွင်း အငှားချထားသူသို့ မပျက်မကွက် ပေးချေရမည်။

(င) ခွင့်ပြုမိန့်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုထားသော မြေနှင့်အဆောက်အအုံများကို စာချုပ်သက်တမ်းကာလအတွင်း ထိုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(စ) ဤသဘောတူစာချုပ်အား တည်ဆဲဥပဒေအရ တံဆိပ်ခေါင်းခွန်၊ ကင်းလွတ်ခွင့် (သို့ မဟုတ်) သက်သာခွင့်မရရှိသေးလျှင် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ရမည်။

(ဆ) နိုင်ငံတော်က ချမှတ်သောမူဝါဒများကို လိုက်နာ၍ တရားဥပဒေနှင့် ငြိစွန်းသော လုပ်ငန်းများကို လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရမည်။

(ဇ) အငှားချထားစဉ်အတွင်း မြေခွန်မှအပ လုပ်ငန်းနှင့်သက်ဆိုင်သော အခြားအခွန်အခများကို သက်ဆိုင်ရာဌာနများသို့ အချိန်မှန်မှန်ပေးဆောင်ရမည်။

(ဈ) ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ခွင့်ပြုမိန့်လိုင်စင်ရယူရမည်။

(ည) အငှားချထားခြင်းခံရသူသည် နိုင်ငံတော်နှင့်သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်ကို လိုက်နာရမည့်အပြင် လောင်းကစားခြင်းလုပ်ငန်းနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်ဆီလျော်မှုမရှိသည့် ဖျော်ဖြေမှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု မရှိရပါ။

အပိုဒ်-၁၃ အာမခံထားရှိခြင်း

၁၃-၁ "အငှားချထားခြင်းခံရသူ" သည် ဤသဘောတူစာချုပ်ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် တည်ဆောက်မည့်အဆောက်အဦအတွက်မီးအာမခံနှင့် အခြားလုပ်ငန်း လိုအပ်ချက်အရ လိုအပ်သောအာမခံများကိုမြန်မာ့အာမခံဥပဒေနှင့် အညီ ထားရှိရမည်။

အပိုဒ်-၁၄ ဓာတ်သတ္တု အရင်းအမြစ်များ

၁၄-၁ ဤသဘောတူစာချုပ်ပါ ငှားရမ်းကာလအတွင်း မမျှော်လင့်ဘဲငှားရမ်းသည့် မြေနှင့် အဆောက်အအုံတည်ရှိရာ မြေပေါ်မြေအောက်မှဓာတ်သတ္တုအရင်းအမြစ်များ ၊ ကျောက်မျက်ရတနာ များ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာပစ္စည်းများ၊ သဘာဝသမိုင်းနှင့် သိပ္ပံဆိုင်ရာအရေးပါသော အရာဝတ္ထုများ၊ သဘာဝသယံဇာတများကို မမျှော်လင့်ဘဲတွေ့ရှိလျှင် "အငှားချထားခြင်း ခံရသူ" သည် "အငှားချထားသူ" သို့ ချက်ချင်းတင်ပြရမည်။ ထိုပစ္စည်းများကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရကပိုင်ဆိုင်စေရမည်ဖြစ်ပြီး အငှားချထားခြင်းခံရသူသည် သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့အစည်းများသို့လွှဲပြောင်းတင်ပြရမည်။ထိုအပြင်အထက်ပါပစ္စည်းများအား နိုင်ငံတော် အစိုးရက လွတ်လပ်စွာတူးဖော် ရယူပိုင်ခွင့်ရှိစေရမည်။

အပိုဒ်-၁၅ စာချုပ်ရပ်စဲခြင်း

၁၅-၁ စာချုပ်ဝင်များသည် အောက်ဖော်ပြပါ အကြောင်းချင်း ရာတစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် စာချုပ်ရပ်စဲခွင့်ရှိစေရမည်-

(၁) လုပ်ငန်းတွင် ကြီးမားစွာ ဆက်တိုက်အရှုံးပေါ်ပေါက်နေခြင်း၊

